**အထွေထွေညီလာခံ**

ဖြန့်ချိ- အထွေထွေ
ဇူလိုင် ၁၃၊ ၂၀၂၆

မူရင်း- အင်္ဂလိပ်

**လူ့အခွင့်အရေးကောင်စီ**
**(၆၃) ကြိမ်မြောက် အစည်းအဝေး**
စက်တင်ဘာ ၇ ရက် - အောက်တိုဘာ ၉ ရက် ၂၀၂၆
အစည်းအဝေး အစီအစဉ် အမှတ် ၄
**လူ့အခွင့်အရေးကောင်စီ သတိပြုရမည့် လူ့အခွင့်အရေးအခြေအနေများ**

## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အစီရင်ခံစာ [1*]

*အစီရင်ခံစာအကျဉ်း*

ဤအစီရင်ခံစာသည် လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် ၃၉/၂ အရ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားက လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသည့် အဌမမြောက် အစီရင်ခံစာ ဖြစ်သည်။ ဤအစီရင်ခံစာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဇွန်လ ၃၀ ရက်အတွင်း ယန္တရားက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဖော်ပြထားပြီး၊ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများနှင့် ပံ့ပိုးကူညီခဲ့သည့် တာဝန်ခံမှုရရှိရေးလုပ်ငန်းစဉ်များမှ တိုးတက်မှုများ၊ ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများနှင့် ထပ်မံပံ့ပိုးရန် လိုအပ်သည့် ကဏ္ဍများကို အလေးပေး ဖော်ပြထားသည်။

ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအရ၊ ပြီးခဲ့သည့်နှစ်အတွင်း မြန်မာစစ်တပ်နှင့် လက်နက်ကိုင် အဖွဲ့အစည်းအမျိုးမျိုးက ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှုများ၏ အကြိမ်ရေနှင့် ပြင်းထန်မှုများသည် ဆက်လက်မြင့်တက်နေကြောင်း တွေ့ရှိရသည်။

ယန္တရားသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ယင်းတို့တွင် အရပ်သားများကို မရှောင်ရှားဘဲ ပစ်မှတ်ထားသော သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ လေကြောင်းမှ တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများ ပါဝင်ပြီး၊ ယင်းစုံစမ်းစစ်ဆေးမှုများမှတဆင့် အဆိုပါ တိုက်ခိုက်မှုများအတွက် တာဝန်ရှိသော တပ်ဖွဲ့အချို့နှင့် ၎င်းတို့၏ အမိန့်ပေးကွပ်ကဲမှု ဖွဲ့စည်းပုံများကို ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် ဖမ်းဆီးထိန်းသိမ်းခံထားရသော အရပ်သားများနှင့် တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်မှုများ၊ မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်သည့်

[1] * အစီရင်ခံစာတင်ပြသူ၏ ဆောင်ရွက်နိုင်မှု အပြင်ဘက်ရှိ အခြေအနေများကြောင့် ဤအစီရင်ခံစာကို ပုံမှန်သတ်မှတ်ထား သည့် ရက်ထက် နောက်ကျ၍ ထုတ်ဝေရန် သဘောတူခဲ့ပါသည်။

လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများ၊ ထို့အပြင် သီးခြားထိန်းသိမ်းရေးစခန်းများတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ အပါအဝင် ဥပဒေနှင့်မညီသော ဖမ်းဆီးထိန်းသိမ်းမှုနှင့် အကျဉ်းချမှုများကိုလည်း စုံစမ်းစစ်ဆေးခဲ့သည်။

အစီရင်ခံကာလအတွင်း ရခိုင်ပြည်နယ်ရှိ ပဋိပက္ခသည် သိသိသာသာ ပိုမိုပြင်းထန်လာခဲ့ပြီး၊ ယန္တရားသည် ရိုဟင်ဂျာ၊ ရခိုင်နှင့် အခြားလူမှုအသိုင်းအဝိုင်းများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းတို့တွင် အာရက္ခတပ်တော်၏ အဖွဲ့ဝင်များအပါအဝင် အခြားကျူးလွန်သူအားလုံးက ကျူးလွန်ခဲ့သည့် မတရားဖမ်းဆီးထိန်းသိမ်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ နေရပ်မှ အတင်းအဓမ္မ စွန့်ခွာထွက်ပြေးစေခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခြင်းကို ကန့်သတ်တားဆီးမှုများ ပါဝင်သည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများကို တိုက်ခိုက်ခဲ့သော ရှင်းလင်းစစ်ဆင်ရေးများနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများကိုလည်း ဆက်လက်ဆောင်ရွက်နေသည်။ ယန္တရားသည် ယခင်က မှတ်တမ်းတင်ထားခြင်းမရှိသေးသော တိုက်ခိုက်မှုများကို ဖော်ထုတ်နိုင်ရန်၊ လက်နက်ကိုင် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် အခန်းကဏ္ဍကို စိစစ်သုံးသပ်ရန်၊ အရေးပါသော အတွင်းသတင်း အချက်အလက်များ ရှိထားသည့် စစ်ဘက်ဆိုင်ရာအရာရှိဟောင်းများနှင့် ဆက်သွယ်ရန် အဓိကထား ဆောင်ရွက်ခဲ့သည်။

ယန္တရားသည် နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) ၌ ကြားနာစစ်ဆေးနေသည့် ***ဂမ်ဘီယာနှင့်မြန်မာ အမှု***အတွက် နှစ်ဖက်အဖွဲ့များအား အထောက်အထားများနှင့် စိစစ်သုံးသပ်ချက် အမြောက်အမြား မျှဝေခြင်းဖြင့် တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် အရေးပါသည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် လူထုကြားနာ စစ်ဆေးမှုများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ကိုးကားအသုံးပြုခဲ့ကြသည်။ ထို့ပြင် ယန္တရားသည် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (အိုင်စီစီ)၊ အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်အစိုးရရှေ့နေရုံးနှင့် အခြားနိုင်ငံများမှ တာဝန်ရှိ အာဏာပိုင် အဖွဲ့အစည်းများထံ အထောက်အထားနှင့် စိစစ်သုံးသပ်မှုဆိုင်ရာ အချက်အလက် ထောင်ပေါင်းများစွာကို မျှဝေပေးခဲ့သည်။

မာတိကာ

*စာမျက်နှာ*

| | | |
|---|---|---|
| I. | နိဒါန်း | ၄ |
| II. | စုံစမ်းစစ်ဆေးမှုများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များကို ပံ့ပိုးရာတွင် တိုးတက်မှု | ၅ |
| | A. အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း | ၇ |
| | B. ရခိုင်ပြည်နယ်တွင် လက်ရှိကျူးလွန်နေသည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း | ၁၃ |
| | C. ရိုဟင်ဂျာများအား ယခင်က ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း | ၁၅ |
| | D. အထောက်အထားများ မျှဝေခြင်းနှင့် တရားမျှတမှုရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးခြင်း | ၁၆ |
| III. | ပူးပေါင်းဆောင်ရွက်မှု၊ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေးလုပ်ငန်းများတွင် တိုးတက်မှု | ၂၀ |
| | A. အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၂၀ |
| | B. အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေး | ၂၂ |
| IV. | ယန္တရား၏ အခြားကဏ္ဍများရှိ တိုးတက်မှုများ | ၂၅ |
| | A. သက်သေများအား ကာကွယ်ခြင်း | ၂၅ |
| | B. ဘာသာစကား ပံ့ပိုးမှု | ၂၆ |
| | C. ဝန်ထမ်းများနှင့် ရင်းမြစ်ပစ္စည်းများ ဘေးကင်းလုံခြုံရေး | ၂၇ |
| | D. နည်းပညာနှင့် အခြေခံအဆောက်အအုံ | ၂၈ |
| V. | စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ် | ၂၉ |
| VI. | နိဂုံး | ၃၀ |

## I. နိဒါန်း

၁။ ယခုအစီရင်ခံစာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဖော်ပြထားသည်။

၂။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် လူ့အခွင့်အရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၃၉/၂ ဖြင့် ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများဆိုင်ရာ အထောက်အထားများကို စုဆောင်းရန် လုပ်ပိုင်ခွင့်ဖြင့် ယန္တရားကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံသည် ဆုံးဖြတ်ချက်အမှတ် ၇၃/၂၆၄ တွင် ယန္တရား ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းကို ကြိုဆိုခဲ့သည်။ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များအရ၊ စုဆောင်းရရှိထားသော အထောက်အထားများကို ထိန်းသိမ်းပြီး စိစစ်သုံးသပ်ရန်နှင့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှုများ၊ လူမျိုးပြုန်းစေမှုနှင့် အခြားကြီးလေးသော နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများအတွက် အဓိကတာဝန်ရှိသူများကို နိုင်ငံတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများတွင် တရားမျှတ၍ လွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများ ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန် ညွှန်ကြားထားသည်။

၃။ အစီရင်ခံကာလအတွင်း မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများသည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်ခံနေရဆဲဖြစ်ပြီး၊ စစ်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးကြား ဖြစ်ပွားနေသော ပဋိပက္ခများ လျော့ပါးသွားမည့် လက္ခဏာတစ်စုံတစ်ရာ မတွေ့ရပေ။ ယန္တရားက စုဆောင်းရရှိထားသော အထောက်အထားများအရ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှုများကို ပဋိပက္ခတွင် ပါဝင်နေသော အဖွဲ့အစည်းအမျိုးမျိုးက ယခင်ထက် အကြိမ်ရေများစွာနှင့် ပိုမိုပြင်းထန်စွာ ကျူးလွန်နေကြောင်း ညွှန်ပြနေသည်။ ယန္တရားသည် ယင်းအမှုအားလုံးကို စုံစမ်းစစ်ဆေးရာတွင် အဓိကတာဝန်ရှိသူများ၏ နိုင်ငံရေးခံယူချက်၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်ချက် သို့မဟုတ် လူမျိုးက မည်သို့ပင်ရှိနေပါစေ ၎င်းတို့ကို ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ငါးနှစ်ကျော်ကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်း၊ အရပ်သားများအပေါ် ဆက်လက်တိုက်ခိုက်နေခြင်း၊ မကြာခဏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာခြင်း တို့နှင့်အတူ မြန်မာနိုင်ငံတဝန်းတွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားဆဲဖြစ်သည်။ စစ်တပ်က ရွေးကောက်ပွဲများ ဦးဆောင်စီမံကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလများတွင် ဤကဲ့သို့သော ပြင်းထန်သည့် အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

၄။ အစီရင်ခံကာလအတွင်း ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း အကျုံးဝင်သည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ တာဝန်ခံမှုရရှိရေး လုပ်ငန်းစဉ်များနှင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို ပံ့ပိုးကူညီမှုများ သိသိသာသာ တိုးမြင့်ခဲ့သည်။ ယန္တရားက အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ မျှဝေပေးလျက်ရှိသော အာဏာပိုင်အဖွဲ့အစည်း အရေအတွက်လည်း တိုးလာခဲ့ပြီး၊ ယခုအခါ ယင်းတို့တွင် နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) ၌ ဆောင်ရွက်လျက်ရှိသော အဖွဲ့များ၊ နိုင်ငံတကာရာဇဝတ်ခုံရုံး (အိုင်စီဂျေ)

၏ အစိုးရရှေ့နေရုံး၊ အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်အစိုးရရှေ့နေရုံးနှင့် ဗြိတိန်နိုင်ငံမှ တာဝန်ရှိ အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်လာခဲ့သည်။ ထို့အပြင် ပြည်တွင်းစုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် အခြားနိုင်ငံအချို့၏ တရားစီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်များနှင့်လည်း ယန္တရားသည် အချက်အလက်များကို လျှို့ဝှက်စွာမျှဝေသည့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ ယန္တရားက မျှဝေသည့် အထောက်အထားများတွင် မြန်မာနိုင်ငံတဝန်းရှိ တိုင်းရင်းသားလူမျိုးစုမျိုးစုံကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သော အထောက်အထားများ ပါဝင်သည့်အပြင်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရခိုင်ပြည်နယ်၌ ဆောင်ရွက်ခဲ့သော ရှင်းလင်းစစ်ဆင်ရေးများအတွင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်း ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် အထောက်အထားများလည်း ပါဝင်သည်။

၅။ အစီရင်ခံသည့်ကာလအတွင်း လူမျိုးပြုန်းစေမှု ကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲထားသည့် ***ဂမ်ဘီယာနှင့်မြန်မာ*** အမှုနှင့်ပတ်သက်၍ နိုင်ငံတကာတရားရုံးရှေ့မှောက်ရှိ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင်လည်း အရေးပါသော တိုးတက်မှုများ ရှိခဲ့သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတကာတရားရုံးက လူထုကြားနာစစ်ဆေးမှုများကို ကျင်းပခဲ့ရာ၊ နှစ်ဖက်နိုင်ငံမှ အဖွဲ့များသည် ယန္တရားက ပံ့ပိုးပေးထားသော အထောက်အထားများကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကားတင်ပြခဲ့ကြသည်။ ယင်းတို့တွင် သက်သေထွက်ဆိုချက်များ၊ စိစစ်သုံးသပ်ချက်အစီရင်ခံစာများ၊ ကနဦးစိစစ်ချက်များနှင့် ဂြိုဟ်တုပုံရိပ် အထောက်အထားများ ပါဝင်သည်။ သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်သည့် အဆိုပါ ကြားနာစစ်ဆေးမှုများသည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးအတွက် အရေးပါသော အချိုးအကွေ့တစ်ရပ် ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိခိုက်နစ်နာသူများသည် အမှုစစ်ဆေးသည့်လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရခဲ့သည့်အပြင် တရားရုံးရှေ့မှောက်၌ ထွက်ဆိုနိုင်ခဲ့ပြီး ၎င်းတို့၏ အသံများကိုလည်း လူထုက ကြားနာခွင့်ရရှိခဲ့ကြသောကြောင့် ဖြစ်သည်။ ဤအမှုသည် ရိုဟင်ဂျာများနှင့် မြန်မာပြည်သူများအတွက်သာမက နိုင်ငံတကာအသိုက်အဝန်း တစ်ရပ်လုံးအတွက်ပါ အလွန်အရေးပါသော အမှုတစ်ခုဖြစ်သည်။ အဆိုပါအမှု၏ အဆုံးအဖြတ်သည် လူမျိုးပြုန်းစေမှုကာကွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့အတွက် အရေးပါသော သက်ရောက်မှုများ ရှိလာမည်ဟု မျှော်လင့်ရသည်။ ယင်းတွင် လူမျိုးပြုန်းစေမှု ကျူးလွန်ခဲ့ခြင်းကို မည်သို့သက်သေပြနိုင်သည်ဆိုသည့် ကိစ္စရပ်အပြင်၊ သဘောတူစာချုပ်ဝင်နိုင်ငံများအနေဖြင့် ယင်းရာဇဝတ်မှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် ရှိထားသည့် တာဝန်ဝတ္တရားများ၏ အတိုင်းအတာနှင့် သက်ဆိုင်သော ကိစ္စရပ်များလည်း ပါဝင်သည်။

## II. စုံစမ်းစစ်ဆေးမှုများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များကို ပံ့ပိုးရာတွင် တိုးတက်မှု

၆။ ယန္တရားသည် ၂၀၁၉ ခုနှစ် လုပ်ငန်းစတင်လည်ပတ်ခဲ့ချိန်မှစ၍ စုံစမ်းစစ်ဆေးရေး အဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သည်။ ပထမအဖွဲ့သည် မြန်မာနိုင်ငံတဝန်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများအတွင်း တိုင်းရင်းသားလူနည်းစုအမျိုးမျိုးနှင့် အရပ်သားပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအပါအဝင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနှင့် ဆက်စပ်သော အကြမ်းဖက်မှုများကို အဓိကထား စုံစမ်းစစ်ဆေးသည်။ ဒုတိယအဖွဲ့သည် ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို အဓိကထား စုံစမ်းစစ်ဆေးလျက်ရှိပြီး၊ ယင်းတွင် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများနှင့် ဆက်စပ်သည့် ရာဇဝတ်မှုများ

ပါဝင်သည်။ အဆိုပါ စစ်ဆင်ရေးများကြောင့် ရိုဟင်ဂျာ ခုနစ်သိန်းခွဲနီးပါးသည် ၎င်းတို့၏ နေရပ်နိုင်ငံမှ စွန့်ခွာထွက်ပြေးကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံခဲ့ရသည်။ ၂၀၂၁ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံအစိုးရကို ဖြုတ်ချ၍ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရာဇဝတ်မှုများ သိသိသာသာ တိုးမြင့်လာခဲ့သည်။ လူသောင်းနှင့်ချီ၍ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး၊ အများအပြားမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ ထို့ပြင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ ထောင်နှင့်ချီ သေဆုံးခဲ့ရပြီး၊ ထောင်နှင့်ချီသော အရပ်သားများနှင့် တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်နိုင်စွမ်းမရှိတော့သည့် တိုက်ခိုက်ရေးသမားများသည် မြန်မာစစ်တပ် သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ သတ်ဖြတ်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ သို့မဟုတ် အခြားကြီးလေးသော ရာဇဝတ်မှုများကို ကျူးလွန်ခံခဲ့ရသည်။

၇။ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့သည် အဆိုပါ အဓိက စုံစမ်းစစ်ဆေးရေးအဖွဲ့နှစ်ဖွဲ့ကို ပံ့ပိုးကူညီသည်။ ရှေ့နေများ၊ စုံစမ်းစစ်ဆေးသူများနှင့် စိစစ် သုံးသပ်သူများသည် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအတွက် အရေးပါသော ကျွမ်းကျင်မှုများကို ပံ့ပိုးပေး လျက်ရှိပြီး၊ တာဝန်ခံမှုရရှိရေး နည်းလမ်းများကို ဖော်ထုတ်ရာတွင်လည်း အရေးပါသည့် ပံ့ပိုးမှုများ ပေးကြသည်။

၈။ ယနေ့အထိ ယန္တရားသည် အချက်အလက်နှင့် အထောက်အထားပစ္စည်းပေါင်း ၂၈ သန်းကျော်ကို စုဆောင်း၍ စီမံခန့်ခွဲပြီးဖြစ်သည်။ ယင်းတို့ကို အချက်အလက်ပေးသူများနှင့် သတင်းရင်းမြစ်ပေါင်း ၁,၆၀၀ ကျော်ထံမှ လက်ခံရရှိခဲ့ပြီး၊ ယင်းတို့တွင် ယခုအစီရင်ခံကာလအတွင်း လက်ခံရရှိထားသည့် အချက်အလက်နှင့် အထောက်အထား ပစ္စည်းပေါင်း ၉၁,၁၀၀ ကျော်လည်း ပါဝင်သည်။

၉။ ယန္တရား၏ အထောက်အထားစုဆောင်းသည့် နည်းလမ်းသည် အစဉ်အလာရှိပြီး ထိရောက်သော စုံစမ်းစစ်ဆေးရေးနည်းလမ်းများကို ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုခြင်း ဖြစ်သည်။ ယန္တရားသည် သက်သေထွက်ဆိုချက်များ၊ ဓာတ်ပုံများနှင့် ဗီဒီယိုမှတ်တမ်းများ၊ ဆိုရှယ်မီဒီယာရှိ အကြောင်းအရာများ၊ ပွင့်လင်းရင်းမြစ်မှ အချက်အလက်များ၊ ဂြိုဟ်တုပုံရိပ် အချက်အလက်များ၊ မှုခင်းဆေးပညာဆိုင်ရာ အထောက်အထားများနှင့် ငွေကြေးဆိုင်ရာ မှတ်တမ်းများအပါအဝင် အထောက် အထားအမျိုးမျိုးကို စုဆောင်းပြီး ထိန်းသိမ်းထားရှိသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် အသက်ရှင် ကျန်ရစ်သူများနှင့် ထိခိုက်နစ်နာသူများကို ဗဟိုပြုသော နည်းလမ်းများ၊ ဂျင်ဒါအခြေပြုသော နည်းလမ်း များနှင့် စိတ်ဒဏ်ရာခံစားမှုကို ထည့်သွင်းစဉ်းစားသော နည်းလမ်းများကို အသုံးပြု၍ အထောက်အထား များကို စနစ်တကျ စုဆောင်းခြင်း၊ အတည်ပြုစစ်ဆေးခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။ အထူးအားဖြင့် ယန္တရားသည် သက်သေများနှင့် လူချင်းတွေ့ဆုံမေးမြန်းမှုများမှတဆင့် ၎င်းတို့ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ထွက်ဆိုချက်များအား စုဆောင်းခြင်းကို အလွန်အရေးထား ဆောင်ရွက် လျက်ရှိသည်။ ယနေ့အထိ ယန္တရားသည် ထိခိုက်နစ်နာသူများနှင့် သက်သေများထံမှ ထွက်ဆိုချက်များနှင့် ကနဦးစိစစ်ချက်ပေါင်း ၇၅၆ ခုကို ရရှိထားပြီးဖြစ်သည်။ ထို့ပြင် ယန္တရားသည် ရင်းမြစ်အမျိုးမျိုးနှင့် စုံစမ်းစစ်ဆေးမှုဆိုင်ရာ လမ်းကြောင်းများမှ စုဆောင်းရရှိသော အချက်အလက်များကို မှတ်တမ်းတင် ထားသည့် စုံစမ်းစစ်ဆေးရေးမှတ်စုပေါင်း ၆၄၄ ခုကိုလည်း ပြုစုထားသည်။ ယန္တရားသည် အဆိုပါ အထောက်အထားများကို စိစစ်သုံးသပ်၍ ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း သက်သေပြရာတွင် ၎င်းတို့၏ဆက်စပ်မှုနှင့် သက်သေအဖြစ်အသုံးပြုနိုင်မည့် အထောက်အထားတန်ဖိုးကို အကဲဖြတ်ခဲ့သည်။ ထို့အပြင် တိုက်ရိုက်ကျူးလွန်ခြင်း၊ အမိန့်ပေးကွပ်ကဲမှုကြောင့် တာဝန်ရှိခြင်းနှင့် အခြား

ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိခြင်း ပုံစံအမျိုးမျိုးကို အခြေခံ၍ အဆိုပါ အထောက်အထားများနှင့် ရာဇဝတ်မှုကျူးလွန်သူ တစ်ဦးချင်းစီအကြား ဆက်စပ်မှုကို ဖော်ထုတ်နိုင်ရန်လည်း စိစစ်သုံးသပ်ခဲ့သည်။

## A. အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း

၁၀။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပွားဆဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်သည့် ရာဇဝတ်မှုများအပြင်၊ အရပ်သားပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ အကျဉ်းချခြင်းတို့နှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုများလည်း ပါဝင်သည်။ ယင်းစုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်နှစ်ရပ်နှင့် စပ်လျဉ်း၍ ယန္တရားသည် ပြည်သူများကိုမရှောင်ရှားသည့် လေကြောင်း တိုက်ခိုက်မှုများ၊ အမြောက်နှင့် ဒရုန်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုများ၊ လူနေအိမ်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် ဈေးများအပါအဝင် စီးပွားရေးဆိုင်ရာ နေရာများကို မီးရှို့ဖျက်ဆီးခြင်းတို့ကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

၁၁။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ ယန္တရားက ဆောင်ရွက်နေသော စုံစမ်းစစ်ဆေးမှုအမျိုးမျိုးမှ ရရှိထားသော အထောက်အထားများကို အသုံးပြု၍ (က) ဦးစားပေး စုံစမ်းစစ်ဆေးသည့် အမှုများနှင့် နေရာဒေသများ၊ (ခ) မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဖွဲ့အသီးသီးရှိ အမိန့်ပေးကွင်းဆက်အဆင့်ဆင့်၊ (ဂ) အရပ်သားများနှင့် အရပ်သားပိုင် အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် ပစ်မှတ်မရှောင်ရှားဘဲ ဆောင်ရွက်သော လေကြောင်း တိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှု များကဲ့သို့သော ဦးစားပေးအကြောင်းအရာများ၊ (ဃ) မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများနှင့်စပ်လျဉ်းသည့် ရာဇဝတ်မှုအစိတ်အပိုင်းများကို စိစစ်သုံးသပ်သည့် အစီရင်ခံစာများ ပြုစုနေသည်။ အဆိုပါ စိစစ်သုံးသပ်ချက်အစီရင်ခံစာများကို မြန်မာနိုင်ငံပိုင်နက်အတွင်း ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်ထားပြီးဖြစ်သော သို့မဟုတ် အနာဂတ်တွင် ဆောင်ရွက်နိုင်ဖွယ်ရှိသော တရားစီရင်ပိုင်ခွင့်ရ အာဏာပိုင်အဖွဲ့အစည်းများထံ လိုအပ်သလို မျှဝေပေးသွားမည်ဖြစ်သည်။

### မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားဆဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုများ

၁၂။ အစီရင်ခံကာလအတွင်း ယန္တရားသည် ချင်း၊ ကချင်၊ ကယား (ကရင်နီ)၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များအပြင် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်နွယ်သည့် ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများကို ဆက်လက် စုံစမ်းစစ်ဆေးခဲ့သည်။

### *(က) အရပ်သားများနှင့် အရပ်သားအဆောက်အအုံများကို မရှောင်ရှားဘဲ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်သော လေကြောင်းတိုက်ခိုက်မှုများ*

၁၃။ ယန္တရားသည် မြန်မာစစ်တပ်က နိုင်ငံတဝန်းတွင်ဆောင်ရွက်ခဲ့သော အရပ်သားများအား မရှောင်ရှားသည့် လေကြောင်းတိုက်ခိုက်မှု အထောက်အထားအမြောက်အမြားကို စုဆောင်း၍ စိစစ်သုံးသပ်ခဲ့သည်။ မြန်မာစစ်တပ်သည် လေကြောင်းစစ်ဆင်ရေးများကို ပိုမိုအားထားလာခဲ့ပြီး၊

ယင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများနှင့် အရပ်သားအဆောက်အအုံများ ထိခိုက်သည့် ဖြစ်စဉ်များ၏ အရေအတွက်နှင့် အကြိမ်ရေမှာလည်း ဆက်လက်မြင့်တက်လာခဲ့သည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအရ မြန်မာစစ်တပ်သည် ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ခိုလှုံရာစခန်းများနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများအပါအဝင် အရပ်သားအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ လေကြောင်းမှ တိုက်ခိုက်ခဲ့သည့် ပုံစံတစ်ရပ်ကို တွေ့ရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုများကြောင့် စစ်ရေးအရ အရေးပါသည့် ပစ်မှတ်များ မရှိသော နေရာများရှိ အရပ်သားအဆောက်အအုံများ ထိမှန်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်ခဲ့သော မြန်မာစစ်တပ်အာဏာပိုင်များ စီစဉ်ကျင်းပသည့် ရွေးကောက်ပွဲ မတိုင်မီလများ အတွင်း လေကြောင်းတိုက်ခိုက်မှုများ သိသိသာသာတိုးမြင့်ခဲ့သည်ကို တွေ့ရှိရသည်။ ယန္တရားသည် မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အများအပြားနှင့် ယင်းတိုက်ခိုက်မှုများကို အမိန့်ပေးသူများနှင့် အကောင်အထည်ဖော်ခဲ့သူများကို ပြည့်စုံစွာဖော်ပြသည့် စိစစ်သုံးသပ်ချက်အစီရင်ခံစာ တစ်စောင်ကို ပြုစုလျက်ရှိသည်။

၁၄။ ယန္တရားသည် ချင်း၊ ကချင်နှင့် ကယားပြည်နယ်များအပြင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာများကို လေကြောင်းမှတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ရှိ စာသင်ကျောင်းများကို လေကြောင်းမှတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ ဆေးရုံများကို လေကြောင်းမှတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များကို ဦးစားပေး၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထို့ပြင် ယန္တရားသည် ကယားပြည်နယ်၊ ဖယ်ခုံမြို့နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ ခိုလှုံရာ စခန်းတစ်ခုကို လေကြောင်းမှ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း ဦးစားပေး စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းလေကြောင်းတိုက်ခိုက်မှုများကို စီစဉ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပါဝင်ခဲ့သူများနှင့် အမိန့်ပေးကွင်းဆက်အဆင့်ဆင့်ကို ဖော်ထုတ်နိုင်ခဲ့သည်။

၁၅။ ထို့အပြင် ယန္တရားသည် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကို ကျူးလွန်သည့် တပ်ဖွဲ့အချို့နှင့် လေကြောင်းစစ်ဆင်ရေးများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ လေတပ် စခန်းများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများတွင် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် ကာလများအတွင်း မြန်မာ့လေတပ်၏ အမိန့်ပေးကွင်းဆက်နှင့် ဖွဲ့စည်းပုံ၊ သက်ဆိုင်ရာ စစ်ဆင်ရေးနယ်မြေများ၊ လေတပ်စခန်းများနှင့် လေယာဉ်များ၏ တည်နေရာများအပြင် တပ်ဖွဲ့အသီးသီး၏ အမိန့်ပေးကွပ်ကဲသူများနှင့် သက်ဆိုင်သည့် အထောက်အထားများကို စုဆောင်း၍ စိစစ်သုံးသပ်လျက်ရှိသည်။

၁၆။ စုဆောင်းရရှိထားသော အထောက်အထားများအရ လေတပ်စခန်းများအကြား ညှိနှိုင်း ဆောင်ရွက်မှုများရှိကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် မကွေးလေတပ်စခန်းနှင့် တံတားဦး လေတပ်စခန်းတို့မှ လေယာဉ်များသည် ရခိုင်၊ ကချင်၊ ချင်းနှင့် ကရင်ပြည်နယ်များအပြင် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် လေကြောင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူလေတပ်စခန်းဌာနချုပ်နှင့် နေပြည်တော်လေတပ်စခန်းတို့မှ လေယာဉ်များသည် ကယားပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့ကြောင်းလည်း အထောက်အထားများ တွေ့ရှိရသည်။

၁၇။ မြန်မာစစ်တပ်သည် သမားရိုးကျ စစ်လေယာဉ်များကို အသုံးပြုခြင်းအပြင် ပါရာမော်တာ (စက်တပ်လေထီး)၊ ဂျိုင်ရိုကော်ပတာ (ရဟတ်ယာဉ်အငယ်စား)နှင့် ဒရုန်းခေါ် မောင်းသူမဲ့လေယာဉ်များကဲ့သို့ သမားရိုးကျမဟုတ်သော လေယာဉ်များကို လေကြောင်းစစ်ဆင်ရေးပိုင်းတွင် ပိုမိုအားထားနေသည့် အထောက်အထားများကိုလည်း ယန္တရားက စုဆောင်းရရှိထားသည်။ မြန်မာစစ်တပ်သည် အဆိုပါ သမားရိုးကျမဟုတ်သော ကုန်ကျစရိတ်သက်သာသည့် လေယာဉ်များကို အသုံးပြုကာ မော်တာကျည်များ အပါအဝင် ပစ်မှတ်ထိန်းမထားသောဗုံးများကို လေယာဉ်ပေါ်မှပစ်ချနိုင်သည့် အနိမ့်ပျံ လေကြောင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သည်။ ယန္တရားသည် မကြာသေးမီက စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု အများအပြားကို စုံစမ်းစစ်ဆေးခဲ့ရာတွင် ပါရာမော်တာ မောင်းနှင်သူများသည် ပစ်မှတ်အနီးသို့ ရောက်ရှိသည့်အခါ ၎င်းတို့အသံမကြားရစေရန် အင်ဂျင်ကို တမင်ပိတ်ကာ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းနည်းလမ်းကြောင့် မြေပြင်ရှိသူများသည် ကြိုတင်သတိပေးချက် မရရှိဘဲ အရပ်သားများလည်း ထွက်ပြေးတိမ်းရှောင်ရန် သို့မဟုတ် ပုန်းခိုရန် အခွင့်အလမ်းများ သိသိသာသာ လျော့နည်းခဲ့သည်။

၁၈။ ထို့အပြင် ၂၀၂၁ ခုနှစ်မှစ၍ လူနည်းစုဘာသာဝင်များ၏ ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု များနှင့် ဘာသာရေးအဆောက်အအုံများ ဖျက်ဆီးခံရမှုများ တဖြည်းဖြည်း တိုးမြင့်လာသည်ကို တွေ့ရှိ ရသည်။ နိုင်ငံတဝန်းရှိ ဘာသာရေးအဆောက်အအုံမျိုးစုံအား လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ ၆၀၀ ကျော် ဖြစ်ပွားခဲ့ပြီး၊ ဖြစ်စဉ်တစ်ခုစီတွင် ဘာသာရေးအဆောက်အအုံ တစ်ခုထက်မက ပျက်စီးခဲ့ရသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများသည် များသောအားဖြင့် ပိုမိုကျယ်ပြန့်သော တိုက်ခိုက်မှုများ၏ တစိတ်တပိုင်းဖြစ်ပြီး၊ ယင်းတိုက်ခိုက်မှုများကြောင့် ကျေးရွာများ ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးခဲ့သည့်အပြင် အရပ်သားများ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်ပွားခဲ့သည်။ ယန္တရားသည် ချင်း၊ ကချင်နှင့် ကယား (ကရင်နီ) ပြည်နယ်များအပြင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သည့် ယင်းကဲ့သို့သော ဖြစ်စဉ်အများအပြားကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

၁၉။ ထို့အပြင် ယန္တရားသည် မိုင်းတွင်းလုပ်ငန်း အဆောက်အအုံများ၊ ဈေးဆိုင်များနှင့် ကုန်သွယ်သည့် နေရာများကဲ့သို့ စီးပွားရေးဆိုင်ရာ ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲထားသော လေကြောင်း တိုက်ခိုက်မှုများကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ အထောက်အထားများအရ စီးပွားရေးဆိုင်ရာ ပစ်မှတ်များအား လေကြောင်းတိုက်ခိုက်မှုအများစုသည် အနီးပတ်ဝန်းကျင်တွင် စစ်ရေးဆိုင်ရာပစ်မှတ် တစ်စုံတစ်ရာ မတွေ့ရှိရသည့် နေရာများ၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းတိုက်ခိုက်မှုများကြောင့် အရပ်သား အဆောက်အအုံများ အများအပြား ပျက်စီးခဲ့ပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ် များအပါအဝင် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက် များပြားခဲ့ကြောင်း တွေ့ရှိရသည်။

၂၀။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအရ မြန်မာစစ်တပ်သည် “double tap” ဟုခေါ်သည့် နှစ်ကြိမ်ဆင့် တိုက်ခိုက်မှုကို ပိုမိုအသုံးပြုလာသောကြောင့် အရပ်သားများ ထိခိုက်သေဆုံးမှု ပိုမိုဆိုးရွားလာကြောင်းလည်း တွေ့ရှိရသည်။ ဤနည်းလမ်းတွင် မြန်မာစစ်တပ်သည် ပထမတစ်ကြိမ် တိုက်ခိုက်ပြီးနောက် အချိန်တို အတွင်းမှာပင် လေကြောင်းမှ နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းသို့ နှစ်ကြိမ်ဆင့် တိုက်ခိုက်ခြင်းသည် ပထမတစ်ကြိမ်တိုက်ခိုက်မှုအပြီး အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်သူများ၊ ဒဏ်ရာရသူများကိုကူညီရန် ကြိုးပမ်းနေသူများနှင့် ဘေးလွတ်ရာသို့ ထွက်ပြေးရန် ကြိုးပမ်းနေသူများကို ပစ်မှတ်ထားရန် ရည်ရွယ်ပုံရသည်။ ယန္တရားသည် ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့်

စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ယင်းကဲ့သို့သော ဖြစ်စဉ်များကို ဦးစားပေး၍ စစ်ဆေးလျက်ရှိသည်။

*(ခ) စစ်ဆင်ရေးများအတွင်း ဖမ်းဆီးထိန်းသိမ်းထားသော အရပ်သားများနှင့် တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်ခြင်း*

၂၁။ ယန္တရားသည် ဖမ်းဆီးထိန်းသိမ်းခံထားရသူများနှင့် တိုက်ခိုက်ရေးတွင် ပါဝင်နိုင်စွမ်းမရှိတော့သော တိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲထားသော ဖြစ်စဉ်များကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ အစီရင်ခံကာလအတွင်း မြန်မာစစ်တပ်သည် အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ထိန်းသိမ်းရေးစခန်းများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုများပြားစွာ ဆောင်ရွက်ခဲ့ပြီး၊ အထူးသဖြင့် ရခိုင်၊ ကယား(ကရင်နီ)နှင့် ချင်းပြည်နယ်များအပြင် မန္တလေးတိုင်းဒေသကြီးတို့တွင် ယင်းတိုက်ခိုက်မှုများ ပိုမိုဆောင်ရွက်ခဲ့သည်။ ယန္တရားသည် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာစစ်တပ်မှ တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ၎င်းတို့၏ မိသားစုဝင်များနှင့် အရပ်သားအကျဉ်းသားများ သေဆုံးခဲ့ကြောင်း ဖော်ပြထားသည့် ယုံကြည်ရသောသတင်းရင်းမြစ်များမှ အချက်အလက်များကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထိုကဲ့သို့သောဖြစ်စဉ်တစ်ခုတွင် သေဆုံးသူများအနက် မြန်မာစစ်တပ်ဘက်သို့ သတင်းပေးသူများဟု သံသယဖြင့် ထိန်းသိမ်းခံထားရသော ဒေသခံပြည်သူများ၊ အဆိုပါ ထိန်းသိမ်းရေးစခန်းကို တာဝန်ယူဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့၏ အကျဉ်းထိန်းသိမ်းရေးစခန်း တာဝန်ရှိသူများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ ပါဝင်ခဲ့သည်။

၂၂။ ထို့အပြင် ယန္တရားသည် အထူးသဖြင့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများရှိ ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲဒဏ်ခံနေရသောကျေးရွာများကို မြန်မာစစ်တပ်က ဝင်ရောက်စီးနင်းမှုများနှင့် ပတ်သက်သည့် အထောက်အထားများကို စိစစ်သုံးသပ်လျက်ရှိသည်။ အဆိုပါ ဝင်ရောက်စီးနင်းမှုများအတွင်း မြန်မာစစ်တပ်သည် အရပ်သားများကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ကြောင်း တွေ့ရှိရသည်။ စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့နယ်အတွင်း စစ်ကြောင်းတစ်ခုက နံနက်စောစော ဝင်ရောက်စီးနင်းရာ ရွာသားတစ်စုကို ဖမ်းဆီးခဲ့ပြီးနောက် အဆိုပါ ရွာသားများကို ဓားထိုးဒဏ်ရာများနှင့် သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိခဲ့ရသည်ဟု စွပ်စွဲထားသည်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်ရှိ ကျေးရွာတစ်ရွာတွင် နံနက်အစောပိုင်း၌ ဝင်ရောက်စီးနင်းရာတွင်လည်း မြန်မာစစ်တပ်သည် ကျေးရွာသားများကို နေအိမ်တစ်လုံးအတွင်း ဖမ်းဆီးထိန်းသိမ်းထားပြီးနောက် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်ဟု စွပ်စွဲထားသည်။

*(ဂ) စစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါ အခြေပြု ရာဇဝတ်မှုများ*

၂၃။ အခြားနိုင်ငံများစွာကဲ့သို့ပင် မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများမှ အသက်ရှင်ကျန်ရစ်သူများသည် ယင်းရာဇဝတ်မှုများကို တိုင်ကြားရာတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ယင်းတို့တွင် ရှင်သန်ကျန်ရစ်သူများကို တိုင်ကြားရန် ဝန်လေးစေသည့် ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အယူစွဲခြင်းများ၊ လုံလောက်သည့် စိတ်လူမှုဆိုင်ရာ ပံ့ပိုးကူညီမှုများ မရရှိနိုင်ခြင်းတို့ ပါဝင်သည်။ ယင်းအခက်အခဲများရှိနေသော်လည်း၊ ယန္တရားသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားဆဲ လက်နက်ကိုင်

ပဋိပက္ခများအတွင်း အသက်အရွယ်စုံ၊ ဂျင်ဒါစုံ အရပ်သားများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သော ခိုင်မာသည့် အထောက်အထားများကို စုဆောင်းရရှိထားသည်။ ယင်းအထောက်အထားအများစုသည် မြန်မာစစ်တပ်၏ တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးများအတွင်း ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် သက်ဆိုင်သည်။ ရန်ကုန်မြို့တွင် ဖမ်းဆီးမှုများပြုလုပ်စဉ် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် မန္တလေးတိုင်းဒေသကြီး အပါအဝင် မြန်မာစစ်တပ်ထိန်းချုပ်ထားသည့် နယ်မြေများတွင် ကျင်းပသည့် ရွေးကောက်ပွဲများမတိုင်မီ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၏ အထောက်အထားများကိုလည်း ယန္တရားက စိစစ်လျက်ရှိသည်။

၂၄။ ယန္တရားသည် မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်နေသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ နံနက် အစောပိုင်း ဝင်ရောက်စီးနင်းမှုတစ်ခုတွင် မြန်မာစစ်တပ်မှ တပ်ဖွဲ့ဝင်များ၊ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ အဖွဲ့ဝင်များသည် သပြေသာကျေးရွာနှင့် ကျောင်းကုန်းကျေးရွာများသို့ ဝင်ရောက်ခဲ့ပြီး ရွာသားတစ်ရာကျော်ကို ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။ ယင်းစီးနင်းမှုအတွင်း အမျိုးသမီးတစ်ဦးကို မူးယစ်ဆေးဝါး တိုက်ကျွေးခဲ့ပြီး အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်များက အုပ်စုဖွဲ့ မုဒိမ်းကျင့်ခဲ့သည်ဟု သိရှိရသည်။

၂၅။ မြန်မာနိုင်ငံဒေသအသီးသီးရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များက ၎င်းတို့၏အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်များကို မုဒိမ်းမှုများနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများ ကျူးလွန်ခဲ့သည်ဟု သတင်းပေးပို့ချက်များကိုလည်း ယန္တရားက စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါ ရာဇဝတ်မှုများသည် လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်နေသည်ကို တွေ့ရှိရသည်။ ယန္တရားသည် ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ စွပ်စွဲခံထားရသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များထံမှ ထပ်မံရှင်းလင်းပေးနိုင်မည့် အချက်အလက်များကို တောင်းခံခဲ့သည်။

### ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းဆိုင်ရာ ရာဇဝတ်မှုများ

၂၆။ ယုံကြည်စိတ်ချရသော အချက်အလက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီး နောက်ပိုင်း မြန်မာလုံခြုံရေးတပ်ဖွဲ့များက လူပေါင်း ၃၀,၈၇၀ ဦးခန့်ကို ဖမ်းဆီးခဲ့ပြီး၊ ယင်းတို့အနက် ၂၂,၁၃၀ ဦးခန့်သည် ၂၀၂၆ ခုနှစ် ဧပြီလအထိ အကျဉ်းချခံထားရဆဲဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဖမ်းဆီးမှု အများစုသည် ဥပဒေမဲ့ ဖမ်းဆီးမှုများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖမ်းဆီးခံရသူများကို ဖမ်းဝရမ်း ပြသခြင်း မရှိသည့်အပြင်၊ ၎င်းတို့ ကျူးလွန်သည်ဟု သံသယရှိသော ပြစ်မှုများအတွက် ဖမ်းဆီးရသည့် ဥပဒေဆိုင်ရာ အကြောင်းပြချက်ကိုလည်း ရှင်းလင်းအသိပေးခြင်း မရှိခဲ့သောကြောင့် ဖြစ်သည်။ ဖမ်းဆီးခံရသူများအနက် အသက်မပြည့်သေးသူ ၆၃၉ ဦးပါဝင်သည်။ အချို့ဖြစ်ရပ်များတွင် မိဘများကိုယ်စား ကလေးများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့အပြင် အသက် ၆ လသာရှိသေးသည့် မွေးကင်းစကလေးအပါအဝင် ကလေးများကို ၎င်းတို့၏ မိခင်များနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားသည့် ဖြစ်ရပ်များလည်း ရှိခဲ့သည်။

၂၇။ အစီရင်ခံကာလအတွင်း ယန္တရားသည် မြန်မာစစ်တပ်နှင့် ထောက်လှမ်းရေးတပ်ဖွဲ့များအပါအဝင် မြန်မာလုံခြုံရေးတပ်ဖွဲ့များက ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့်

ထိန်းသိမ်းရေးစခန်းများနှင့် ပတ်သက်သည့် အထောက်အထားများစွာကို စုဆောင်းရရှိခဲ့သည်။ ရေကြည်အိုင်၊ ရွှေပြည်သာနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ဝင်းတို့တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို ရက်ပေါင်းများစွာ စစ်ကြောမေးမြန်းခဲ့ပြီး၊ ယင်းကာလအတွင်း ၎င်းတို့သည် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုတို့ကို ခံစားခဲ့ရသည့်အပြင် ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုဝင်များကို သတ်ပစ်မည်ဟု ခြိမ်းခြောက်မှုများလည်း ကြုံတွေ့ခဲ့ရသည်။ အဆိုပါ ထိန်းသိမ်းရေးစခန်းများတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများသည် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ခံခဲ့ရသည်။ ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို အချိန်ကြာမြင့်စွာ စစ်ဆေးမေးမြန်းနေစဉ် အများအားဖြင့် မျက်လုံးကို အဝတ်ဖြင့်စည်းထားပြီး လက်ထိပ်ခတ်ထားလေ့ရှိသည်။ ကိုယ်တိုင်ကြုံခဲ့သူများ၏ ပြောကြားချက်များအရ ၎င်းတို့ကို ရွှေပြည်သာ၊ ရေကြည်အိုင် သို့မဟုတ် နေပြည်တော် စစ်ကြောရေးစခန်းများသို့ မပို့ဆောင်မီ မြဝတီရဲစခန်း၊ ရန်ကင်းရဲစခန်း၊ ကမာရွတ်မြို့နယ်ရဲစခန်း၊ လှိုင်မြို့နယ်ရဲစခန်း၊ ဗဟန်းမြို့နယ်ရဲစခန်းနှင့် နေပြည်တော် ရဲစခန်းကဲ့သို့သော မြို့နယ်ရဲစခန်းများတွင် ဦးစွာညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်ဟု ဖော်ပြထားသည်။ ယန္တရားသည် စစ်ကြောရေးစခန်းအများအပြားနှင့် ပတ်သက်သည့် စိစစ်သုံးသပ်ချက်အစီရင်ခံစာများ ပြုစုထားပြီး၊ ယင်းအစီရင်ခံစာများတွင် စစ်ဆေးမေးမြန်းသူ တစ်ဦးချင်းစီနှင့် တပ်မှူးများ၏ အသေးစိတ်အချက်အလက်များလည်း ပါဝင်သည်။

၂၈။ ထို့အပြင် ယန္တရားသည် ရန်ကုန်၊ နေပြည်တော်နှင့် တနင်္သာရီအပါအဝင် နိုင်ငံအနှံ့အပြားတွင် စစ်ကြောခံနေရစဉ် ကြုံတွေ့ခံစားခဲ့ရသော မတရားပြုမူဆက်ဆံမှုများကြောင့် သေဆုံးခဲ့ရသူများနှင့် ပတ်သက်သော ယုံကြည်စိတ်ချရသည့် သတင်းပို့မှုအများအပြားကို စုဆောင်းရရှိထားသည်။

၂၉။ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် မြန်မာစစ်တပ်အာဏာပိုင်များသည် ရွေးကောက်ပွဲကို ဝေဖန်ခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေအရ ပြစ်မှုထင်ရှားသူများအား ထောင်ဒဏ်အနှစ် ၂၀ နှင့် သေဒဏ်အထိ ချမှတ်နိုင်သည်။ အဆိုပါ ဥပဒေကို အသုံးပြုကာ ကလေးများအပါအဝင် လူအများအပြား ဖမ်းဆီးခံခဲ့ရသည့် ဖြစ်စဉ်များကို ယန္တရားက စုံစမ်းစစ်ဆေးခဲ့သည်။ ဖမ်းဆီးခံရသူများမှာ ဆိုရှယ်မီဒီယာပေါ်တွင် ရွေးကောက်ပွဲများကိုဝေဖန်ခြင်း သို့မဟုတ် “ရွေးကောက်ပွဲဆန့်ကျင်ရေး” လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကဲ့သို့သော လုပ်ရပ်များ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

၃၀။ အစီရင်ခံကာလအတွင်း ယန္တရားသည် အမျိုးသမီးများနှင့် မိန်းကလေးများကို အထူးသက်ရောက်မှုရှိသည့် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းတို့အတွင်း ဖြစ်ပွားခဲ့သော မျိုးဆက်ပွားမှုဆိုင်ရာ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းတို့တွင် ရာသီသွေးဆင်းချိန်သုံး ပစ္စည်းများ ဖြန့်ဝေခြင်းကို တားမြစ်သည်ဟူသော စွပ်စွဲချက်များနှင့် ထိန်းသိမ်းခံထားရသူများအား လိုအပ်သော ဆေးကုသစောင့်ရှောက်မှု မပေးခြင်းတို့ ပါဝင်သည်။ အချို့သော သတင်းပေးပို့ချက်များတွင် ကလေးမွေးဖွားပြီးနောက် လုံလောက်သော မီးဖွားပြီးစ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့သည့် အမျိုးသမီးများ သေဆုံးခဲ့ရသည်အထိ ဖြစ်ပွားခဲ့သည်။ ထိန်းသိမ်းခံထားရသူများသည် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီးနောက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မရရှိခဲ့ကြသည့်အပြင်၊ အကျဉ်းထောင်အတွင်းရှိ မိခင်များနှင့် မွေးဖွားလာသော ကလေးငယ်များအတွက် လုံလောက်သော အာဟာရလည်း မရရှိခဲ့ကြပေ။ အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်း

ခံထားရစဉ် မွေးဖွားခဲ့သော ကလေးငယ်များသည် လုံလောက်သည့် ကလေးကျန်းမာရေးစောင့်ရှောက်မှု မရရှိသောကြောင့် သေဆုံးခဲ့ရသည့် ဖြစ်စဉ်များလည်း ရှိခဲ့သည်။

## B. ရခိုင်ပြည်နယ်တွင် လက်ရှိကျူးလွန်နေသည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း

၃၁။ ၂၀၂၄ ခုနှစ်မှစ၍ ယန္တရားသည် ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ်နှင့် အာရက္ခတပ်တော်တို့အကြား ဖြစ်ပွားဆဲ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့် ရိုဟင်ဂျာ၊ ရခိုင်နှင့် အခြား လူမှုအသိုက်အဝန်းများကို မည်သည့်အဖွဲ့က ကျူးလွန်သည်ဖြစ်စေ ကျူးလွန်သူအားလုံး၏ ရာဇဝတ်မှု များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုများတွင် အဓိကအကြောင်းအရာ သုံးရပ်ကို အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့မှာ (က) အရပ်သားများ သို့မဟုတ် အရပ်သားပိုင် အဆောက်အအုံများကို မရှောင်ရှားသည့် သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသည့် လေကြောင်းနှင့် ရေကြောင်း တိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုများ၊ (ခ) ကျေးရွာအများအပြားမှ အရပ်သားများကို ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း၊ (ဂ) စစ်တွေမြို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် မရှိမဖြစ်လိုအပ်သောပစ္စည်းများ ပေးပို့မှုကို ကန့်သတ်ထားခြင်းတို့ ဖြစ်သည်။

၃၂။ အစီရင်ခံကာလအတွင်း ရခိုင်ပြည်နယ်ရှိ ပဋိပက္ခသည် သိသိသာသာ ပိုမိုပြင်းထန်လာခဲ့ပြီး၊ လေကြောင်းတိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုများအပြင် တန်ပြန်ထိုးစစ်များလည်း ပိုမိုများပြားလာကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမှာလည်း လျင်မြန်စွာ ဆိုးရွားလာခဲ့သည်။ ပိုမိုပြင်းထန်လာသော အကြမ်းဖက်မှုများကြောင့် လူအများအပြားသည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားနေရာများသို့ ထွက်ပြေးခိုလှုံနေရဆဲဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်များကို ရှာဖွေရန်နှင့် ၎င်းတို့နှင့် ဘေးကင်းလုံခြုံစွာ ဆက်သွယ်ရန် အခက်အခဲများရှိနေသော်လည်း၊ ယန္တရားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုံမှန် စုံစမ်းစစ်ဆေးရေးခရီးစဉ်များ သွားရောက်ပြီး ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများကို တွေ့ဆုံလျက်ရှိသည်။ ထိုခရီးစဉ်များတွင် ရခိုင်ပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခဒဏ်သင့်နေသော ရိုဟင်ဂျာ၊ ရခိုင်နှင့် အခြားလူမှုအသိုက်အဝန်းများအပေါ် ကျူးလွန်သူအားလုံး၏ ရာဇဝတ်မှုများနှင့် ပတ်သက်သော အရေးကြီးသည့် မျက်မြင်အထောက်အထားများကို ရယူစုဆောင်းလျက်ရှိသည်။

၃၃။ ယန္တရားသည် ၂၀၂၅ ခုနှစ်မှစ၍ အရပ်သားများနှင့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဈေးဆိုင်များနှင့် ဘုန်းကြီးကျောင်းများအပါအဝင် အရပ်သားအဆောက်အအုံများကို မရှောင်ရှားဘဲ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုများ သိသိသာသာ တိုးမြင့်လာကြောင်းဖော်ပြသည့် ယုံကြည်စိတ်ချရသော အထောက်အထားများကို စိစစ်လျက်ရှိသည်။ ယန္တရားသည် မြန်မာလေတပ်က ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျောက်တော်မြို့နယ်ရှိ စာသင်ကျောင်းအဆောက်အအုံနှစ်လုံး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မြောက်ဦးမြို့နယ်ရှိ ဆေးရုံတစ်ရုံနှင့် ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အမ်းမြို့နယ်ရှိ ဖမ်းဆီးထားသော မြန်မာစစ်တပ်၏ တပ်ဖွဲ့ဝင်များကို ထိန်းသိမ်းထားသည့်နေရာတစ်ခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်ဟူသော စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်ထားသည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် မြန်မာလေတပ်က ဒရုန်းများနှင့် အခြားမောင်းသူမဲ့လေယာဉ်များကို အသုံးပြု၍ လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်ဟူသော သတင်းပေးပို့ချက်များကိုလည်း ယန္တရားက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းတို့အနက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့၌ ကျောက်ဖြူမြို့နယ်ရှိ ဗုဒ္ဓဘာသာ

ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် စာသင်ကျောင်းတစ်ကျောင်းကို တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲထားသည့် ဖြစ်စဉ်လည်း ပါဝင်သည်။

၃၄။ ထို့အပြင် ယန္တရားသည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တဝန်းရှိ ဈေးဆိုင်များ၊ လူနေအိမ်များနှင့် တံတားများကို မြန်မာစစ်တပ်က ရေကြောင်းတိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်းဖော်ပြသည့် အထောက်အထားများကိုလည်း တွေ့ရှိထားသည်။ ယင်းတို့တွင် စစ်တွေမြို့နယ်ရှိ ကိုရီးယားဆိပ်ကမ်းဈေးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ အမြင့်ကျွန်းတံတားကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း ရေကြောင်းမှ တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲထားသော ဖြစ်စဉ်များလည်း ပါဝင်သည်။

၃၅။ ၂၀၂၄ ခုနှစ် ဇွန်လတွင် စစ်တွေမြို့နယ်၊ ဗျိုင်းဖြူကျေးရွာရှိ ရခိုင်အရပ်သားများကို မြန်မာစစ်တပ်က ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အတင်းအကျပ် ရွှေ့ပြောင်းစေခြင်းတို့နှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများတွင် တိုးတက်မှုများရှိခဲ့သည်။ ယန္တရားသည် ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖြစ်ပွားခဲ့သော အလားတူဖြစ်စဉ်များကိုလည်း တိုးချဲ့စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းကာလအတွင်း စစ်တွေ-ပုဏ္ဏားကျွန်း အဝေးပြေးလမ်းမတလျှောက်ရှိ စစ်တွေမြို့နယ်အတွင်း ရခိုင်တိုင်းရင်းသားအများစု နေထိုင်သော ကျေးရွာ ၁၅ ရွာကျော်မှ ဒေသခံများကို မြန်မာစစ်တပ်က အတင်းအကျပ် ရွှေ့ပြောင်းစေခဲ့သည်။ ထို့နောက် ၎င်းတို့ကို စစ်တွေမြို့သို့ ပြောင်းရွှေ့နေထိုင်ရန် အမိန့်ပေးခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာစစ်တပ်သည် မြို့၏ အဝင်အထွက်လမ်းကြောင်းများကို ပိတ်ဆို့ထားပြီး အရပ်သားများကို မြို့မှထွက်ခွာခွင့်မပြုသဖြင့် ၎င်းတို့သည် စစ်တွေမြို့အတွင်း ပိတ်မိလျက်ရှိသည်။ ထို့အပြင် ယန္တရားသည် စစ်တွေမြို့တွင် ရခိုင်နှင့် ရိုဟင်ဂျာ အရပ်သားများကို ပစ်မှတ်ထားသည့် ညပိုင်းဝင်ရောက်စီးနင်းမှုများ၊ အစုလိုက်အပြုံလိုက် ဖမ်းဆီးမှုများ၊ မြန်မာစစ်တပ်နှင့် စစ်တပ်နှင့်ဆက်နွယ်သည့် လက်နက်ကိုင်အဖွဲ့များက စီမံခန့်ခွဲသော ထိန်းသိမ်းရေးစခန်းများ၌ ဖမ်းဆီးခံထားရသူများကို သတ်ဖြတ်မှုများ ပိုမိုများပြားလာသည်ဟူသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

၃၆။ ယန္တရားသည် ပဋိပက္ခဘေးသင့် လူမှုအသိုင်းအဝိုင်းများထံ ဆေးဝါးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်းများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရောက်ရှိမှုကို ဆက်လက်တားဆီးပိတ်ပင်နေခြင်းနှင့် ရခိုင်ပြည်နယ်တဝန်းတွင် အစာရေစာပြတ်လပ်မှုကြောင့် သေဆုံးမှုများ ဖြစ်ပွားနေသည်ဟူသော သတင်းပေးပို့ချက်များကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် အဆိုပါ ရာဇဝတ်မှုများနှင့် မြန်မာစစ်တပ်နှင့်/သို့မဟုတ် ၎င်းတို့နှင့် ဆက်နွယ်သည့် လက်နက်ကိုင်အဖွဲ့များအကြား ဆက်စပ်မှုကို ဖော်ထုတ်ရာတွင် တိုးတက်မှုများ ရှိခဲ့သည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုများအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မူလသတင်းရင်းမြစ်များနှင့် ဆင့်ပွားသတင်းရင်းမြစ် အမျိုးမျိုးမှ ရရှိသည့် အထောက်အထားများကလည်း အထောက်အကူပြုခဲ့သည်။

၃၇။ ယန္တရားသည် အာရက္ခတပ်တော်အဖွဲ့ဝင်များက ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များကိုလည်း ဆက်လက် စုံစမ်းစစ်ဆေးခဲ့သည်။ အစီရင်ခံကာလအတွင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအမျိုးသမီးများကို မုဒိမ်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များ၊ ကျောက်တော်မြို့နယ်တွင် အကျဉ်းချုံးတရားစီရင်ကာ ကွပ်မျက်မှုများ၊ အသက် ၁၅ နှစ်အောက် ကလေးများကို အတင်းအကျပ် တပ်သားအဖြစ် စုဆောင်းအသုံးပြုမှုများနှင့် ပတ်သက်သည့် အထောက်အထားများကို ယန္တရားက

စုဆောင်း၍ စိစစ်သုံးသပ်ခဲ့သည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအရ အာရက္ခတပ်တော်သည် ဗလီများကို ဖျက်ဆီးပြီး၊ ယင်းနေရာများကို ရိုဟင်ဂျာမဟုတ်သူများ ပြန်လည်နေရာချထားရေးအတွက် အသုံးပြုနေကြောင်းလည်း တွေ့ရှိရသည်။ ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်နှင့် မောင်တောဒေသများတွင် အာရက္ခတပ်တော်၏ထိုးစစ်များနှင့် ဆက်စပ်၍ ယင်းသို့ဆောင်ရွက်မှုများသည် ၂၀၂၄ ခုနှစ်မှစတင်ကာ သိသိသာသာ ပိုမိုများပြားလာခဲ့သည်။ ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများကို ပြန်လည်အမှတ်ရစေသည့် ပုံစံဖြင့် အာရက္ခတပ်တော်သည် ရိုဟင်ဂျာများနေထိုင်ရာဒေသတစ်ခုလုံးမှ ၎င်းတို့ကို ရှင်းလင်းဖယ်ရှားခဲ့သောကြောင့် ရိုဟင်ဂျာဒုက္ခသည် အများအပြား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နောက်တဖန် ထွက်ပြေးဝင်ရောက်လာခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများအတွင်း ကျူးလွန်သူများသည် ရိုဟင်ဂျာများကို အုပ်စုတစ်ခုလုံးအဖြစ် ပစ်မှတ်ထားရာတွင် မြန်မာစစ်တပ်က အသုံးပြုခဲ့သည့် ဘာသာရေးအရ စော်ကားနှိမ့်ချသော အသုံးအနှုန်းများ သို့မဟုတ် အလားတူစကားလုံးများကို မကြာခဏ အသုံးပြုခဲ့ကြသည်။ ယင်းတို့တွင် "ဘင်္ဂါလီ" သို့မဟုတ် "ကုလား" ကဲ့သို့သော အသုံးအနှုန်းများ ပါဝင်သည်။

၃၈။ မြန်မာစစ်တပ်နှင့် အာရက္ခတပ်တော်က ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော ရာဇဝတ်မှုများအပြင်၊ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားနေပြီး ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ရာတွင် ပါဝင်ပတ်သက်နေနိုင်သည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များကိုလည်း ယန္တရားက စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါအဖွဲ့များတွင် အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်၊ ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့နှင့် အာရကန်လွတ်မြောက်ရေးပါတီတို့နှင့်အတူ အခြားအဖွဲ့များလည်း ပါဝင်သည်။

## C. ရိုဟင်ဂျာများအား ယခင်က ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း

၃၉။ အထက်ပါ အပိုင်း B တွင် ဖော်ပြထားသည့် ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများမှ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေသည့်အပြင်၊ ယန္တရားသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် မြန်မာစစ်တပ်၏ ရှင်းလင်းစစ်ဆင်ရေးများအတွင်းနှင့် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများအတွင်း ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုလည်း ဆက်လက် စုံစမ်းစစ်ဆေးလျက်ရှိသည်။

၄၀။ မြန်မာစစ်တပ်က ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ရှင်းလင်းစစ်ဆင်ရေးများ၏ ကဏ္ဍအားလုံးနှင့်ပတ်သက်၍ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယန္တရားသည် ယခင်က ဖော်ထုတ်နိုင်ခြင်း မရှိသောကြောင့် အသေးစိတ် စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရသေးသော တိုက်ခိုက်ခံခဲ့ရသည့် ကျေးရွာများကို ဆက်လက် ရှာဖွေဖော်ထုတ်လျက်ရှိသည်။ ထို့အပြင် ရှင်းလင်းစစ်ဆင်ရေးများ ဖြစ်ပွားခဲ့သည့်ကာလက မြန်မာစစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ အထူးသဖြင့် အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်၏ ဖွဲ့စည်းပုံနှင့် အခန်းကဏ္ဍတို့ကို ယန္တရားက ဆက်လက်စိစစ်သုံးသပ်ရာတွင်လည်း တိုးတက်မှုများ ရရှိခဲ့သည်။ ယန္တရားသည် ရှင်းလင်းစစ်ဆင်ရေးများ မည်သို့ဆောင်ရွက်ခဲ့သည်ဆိုသည့် အချက်အလက်များအပြင် စစ်တပ်၏ဖွဲ့စည်းပုံ၊ အစီရင်ခံတင်ပြမှုစနစ်နှင့် အမိန့်ပေးကွင်းဆက်အဆင့်ဆင့်တို့နှင့် ပတ်သက်သည့် အရေးကြီးသောအချက်အလက်များကို သိရှိထားသော မြန်မာစစ်တပ်ဖွဲ့ဝင်ဟောင်းများဖြစ်သည့် "အတွင်းလူများ"ကို ဆက်လက်ရှာဖွေဖော်ထုတ်၍ ဆက်သွယ်လျက်ရှိသည်။ နောက်ဆုံးအနေဖြင့် ယန္တရားသည် ထိုကာလတွင် ကျူးလွန်ခဲ့သောရာဇဝတ်မှုများကို စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အားပေးခြင်း၊ ကျူးလွန်ရန် လှုံ့ဆော်ခြင်း သို့မဟုတ် တိုက်တွန်းခြင်းတို့တွင် ပါဝင်ပတ်သက်ခဲ့ဖွယ်ရှိသည့်

လူပုဂ္ဂိုလ်များ၊ အဖွဲ့များနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုလမ်းကြောင်း အများအပြားကို ယန္တရားက ဖော်ထုတ်လျက်ရှိသည်။ အဆိုပါစုံစမ်းစစ်ဆေးမှုများသည် စစ်တပ်နှင့်သက်ဆိုင်သူများကိုသာ စုံစမ်းစစ်ဆေးခြင်းမဟုတ်ဘဲ၊ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိနိုင်သည့် နိုင်ငံရေးသမားများ၊ ဘာသာရေး ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပြင် အခြားလူပုဂ္ဂိုလ်များကိုလည်း စုံစမ်းလျက်ရှိသည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုများ ပိုမိုတိုးတက်စေရန်အတွက် ယန္တရားသည် အစီရင်ခံကာလတလျှောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ မျက်မြင်သက်သေများနှင့် ထိခိုက်နစ်နာသူများကို တွေ့ဆုံရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို အကြိမ်ကြိမ် စေလွှတ်ခဲ့သည်။

၄၁။ ထို့အပြင် ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ယန္တရားသည် “၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးကာလ အတွင်း ရိုဟင်ဂျာများ၏ မြေယာနှင့်ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်းနှင့် သိမ်းယူခြင်း – အများပြည်သူ ဖတ်ရှုရန် အစီရင်ခံစာအကျဉ်းချုပ် ” ဟု အမည်ပေးထားသည့် စိစစ်သုံးသပ်ချက် အစီရင်ခံစာ တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် မျက်မြင်သက်သေများ၏ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ထွက်ဆိုချက်များ၊ ဂြိုဟ်တုပုံရိပ်များ၊ ဗီဒီယိုမှတ်တမ်းများနှင့် တရားဝင်မှတ်တမ်းများ၊ စာရွက်စာတမ်း အမြောက်အမြားကို စိစစ်သုံးသပ်ခဲ့သည်။ ယင်းအထောက်အထားများအရ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများ၏ ဖြစ်တည်မှုကို ဖျောက်ဖျက်ရန် စနစ်တကျစီစဉ်ညှိနှိုင်း၍ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရိုဟင်ဂျာကျေးရွာ (၇) ရွာကို ဖျက်ဆီးခြင်း၊ သိမ်းယူခြင်းနှင့် ထိုကျေးရွာများတည်ရှိခဲ့သည့် နေရာများတွင် စစ်တပ်၏ လုံခြုံရေးအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ ပါဝင်သည်။ အဆိုပါ အစီရင်ခံစာတွင် ကျေးရွာအုပ်စု (၇) စုရှိ ရိုဟင်ဂျာနေအိမ်များ၊ လယ်ယာမြေများ၊ ဗလီများနှင့် အခြားပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းနှင့် သိမ်းယူခြင်း တို့ကို အသေးစိတ်ဖော်ပြထားသည်။ ထို့အပြင် ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်း တည်ရှိခဲ့သည်ဆိုသည့် အထောက်အထားအားလုံးကို ဖျောက်ဖျက်ရန် ရိုဟင်ဂျာများ၏ မြေယာများကို အခြားရည်ရွယ်ချက်များအတွက် ပြောင်းလဲအသုံးပြုရာတွင် ပါဝင်ခဲ့သည့် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားပါဝင်ပတ်သက်သူများကိုလည်း ဖော်ထုတ်ထားသည်။ ယင်းသို့ မြေယာများကို ပြောင်းလဲအသုံးပြုရာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ စခန်းများ ဆောက်လုပ်ခြင်းလည်း ပါဝင်သည်။

## D. အထောက်အထားများ မျှဝေခြင်းနှင့် တရားမျှတမှုရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးခြင်း

၄၂။ ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း အကျုံးဝင်သော ရာဇဝတ်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများနှင့် ခုံရုံးများတွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီသည့်အနေဖြင့် ယန္တရားသည် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေး အာဏာပိုင်များထံ အချက်အလက်များ၊ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေပေးလျက်ရှိသည်။ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့်အညီ၊ တရားမျှတမှုရရှိရေးကို ပံပိုးရန် သို့မဟုတ် မြန်မာနိုင်ငံတွင် နောက်ထပ် ရာဇဝတ်မှုများ မကျူးလွန်စေရန် တားဆီးရာတွင် ကူညီရန် ယန္တရားသည် အမှုတစ်ခုချင်းစီအလိုက် စိစစ်သုံးသပ်၍ အချက်အလက်များကို မျှဝေနိုင်သည်။ ဥပမာအားဖြင့် ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်ခြင်းနှင့်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုများအတွက် အချက်အလက် မျှဝေခြင်းမျိုး ဖြစ်နိုင်သည်။

၄၃။ ယန္တရားကို စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ ပါဝင်သည့် အချက်အလက်ဖိုင်တွဲပေါင်း ၁၄၆ တွဲ ပြုစုခဲ့ပြီး၊ ယင်းတို့ကို စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့်

တရားစီရင်ရေး ဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်မီသော အာဏာပိုင်များထံ မျှဝေပေးခဲ့သည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် အထောက်အထားနှင့် စိစစ်သုံးသပ်ချက်ဆိုင်ရာ အချက်အလက်ပေါင်း ၆,၆၂၆ ခု ပါဝင်သည့် ဖိုင်တွဲပေါင်း ၂၇ တွဲကို မျှဝေပေးခဲ့သည်။

**နိုင်ငံတကာတရားရုံး (အိုင်စီဂျေ)**

၄၄။ အစီရင်ခံကာလအတွင်း ယန္တရားသည် နိုင်ငံတကာတရားရုံး၌ စစ်ဆေးနေသည့် ***ဂမ်ဘီယာနှင့်မြန်မာ*** အမှုတွင် တရားစီရင်ရေးလုပ်ငန်းစဉ်များအတွက် အရေးပါသောပံ့ပိုးမှုများ ပြုလုပ်ခဲ့သည်။ ဤအမှုသည် မြန်မာနိုင်ငံက လူမျိုးပြုန်းစေမှုကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုက်နာရမည့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် ပျက်ကွက်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့် သက်ဆိုင်သည်။ ဂမ်ဘီယာနိုင်ငံသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံအား နိုင်ငံတကာတရားရုံး၌ အမှုစတင်တင်သွင်းခဲ့ရာ၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် စစ်တပ်၏ ရှင်းလင်းစစ်ဆင်ရေးများအတွင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ဖြစ်စဉ်များအတွက် မြန်မာနိုင်ငံက အဆိုပါစာချုပ်ကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ဤအမှုသည် အဓိကအားဖြင့် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုများ၊ နေရပ်မှ အတင်းအကျပ် ရွှေ့ပြောင်းစေမှုများနှင့် အခြားရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို အဓိကထား စစ်ဆေးသည့်အမှုဖြစ်သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရားရုံးသည် အမှု၏ အချက်အလက်များနှင့်ပတ်သက်၍ လူထုကြားနာစစ်ဆေးမှုများ ကျင်းပခဲ့ပြီး၊ ယင်းကြားနာမှုများတွင် ထိခိုက်နစ်နာသူများနှင့် ကျွမ်းကျင်သူများ၏ ထွက်ဆိုချက်များကိုလည်း စစ်ဆေးခဲ့သည်။

၄၅။ ယန္တရားသည် တရားစီရင်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် နှစ်ဖက်နိုင်ငံထံ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက် အမြောက်အမြားကို ပေးအပ်ခဲ့သည်။ ယင်းတို့တွင် အသေးစိတ် စိစစ်သုံးသပ်ချက် အစီရင်ခံစာ ၉ စောင်၊ သက်သေ ထွက်ဆိုချက် ၄၀ ခု၊ စစ်တပ်မှဘက်ပြောင်းလာသူများထံမှ ရရှိသည့် အချက်အလက်များ ပါဝင်သော ကနဦးစိစစ်ချက် ၂ ခုနှင့် ယန္တရား အကြီးအကဲ၏ ကျမ်းကျိန်လွှာ ၁ စောင် ပါဝင်သည်။ အဆိုပါ အထောက်အထားများတွင် တည်နေရာဆိုင်ရာ စိစစ်သုံးသပ်ချက်များ၊ လွတ်လပ်သော ကျွမ်းကျင်သူများ၏ အစီရင်ခံစာများနှင့် စာရွက်စာတမ်း အထောက်အထားများလည်း ပါဝင်သည်။ ယန္တရား၏ စိစစ်သုံးသပ်ချက် အစီရင်ခံစာ ၉ စောင်တွင် အကြောင်း အရာအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ထားသည်။ ယင်းတို့တွင် ဘူးသီးတောင်အကျဉ်းထောင်၌ ရိုဟင်ဂျာများကို စနစ်တကျနှင့် ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် မတရားပြုမူဆက်ဆံခြင်း၊ မြန်မာစစ်တပ်က ဖေ့စ်ဘုတ်ပေါ်တွင် အမုန်းစကားများ ဖြန့်ဝေခြင်း၊ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များကို ရခိုင်ပြည်နယ်တွင် လာရောက်အခြေချနေထိုင်ရန် မြန်မာအာဏာပိုင်များက အားပေးကြိုးပမ်းခဲ့ခြင်း၊ ထို့အပြင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်ဟူသော သတင်းပေးပို့ချက်များကို မြန်မာအာဏာပိုင်များက စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့ခြင်းနှင့် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူများကို တရားစွဲဆိုအရေးယူရန် ပျက်ကွက်ခဲ့ခြင်းတို့ ပါဝင် သည်။

၄၆။ သက်သေ သို့မဟုတ် အချက်အလက်ပေးသူက အထောက်အထားများမျှဝေမှုအကြောင်း အပြည့်အဝ နားလည်သိရှိပြီး သဘောတူညီချက်ပေးသည့်အခါမှသာ ယန္တရားက ယင်းအထောက်အထားများကို နှစ်ဖက်အဖွဲ့ထံ မျှဝေခဲ့သည်။ သဘောတူညီချက်ပေးရာတွင်လည်း ၎င်းတို့၏

အထောက်အထားများကို မြန်မာအာဏာပိုင်များထံ မျှဝေမည်ဖြစ်ကြောင်း နားလည်သဘောပေါက်စေသည်။ သိနားလည်း၍ပေးအပ်သော သဘောတူညီချက်ရယူခြင်းအပြင်၊ ယန္တရားသည် သက်သေများ လုံခြုံမှုရှိစေရန် လိုအပ်သောအစီအမံများကိုလည်း ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သူများကို ကာကွယ်စောင့်ရှောက်ရန် ယန္တရားက ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြနေသည်။ မျက်မြင်သက်သေများနှင့် အခြားလူပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့် အခြေအနေများရှိလာပါက ယန္တရားသည် သက်သေထွက်ဆိုချက်များတွင် ပါရှိသော ကိုယ်ရေးအချက်အလက်များကို မမျှဝေမီ ကြိုတင်ကာ ဖယ်ရှားထားသည်။

၄၇။ ကြားနာစစ်ဆေးမှုများအတွင်း နှစ်ဖက်နိုင်ငံစလုံးက ယန္တရား၏လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကားခဲ့ကြသဖြင့် ယန္တရား၏ဆောင်ရွက်ချက်များ မည်မျှအရေးပါကြောင်းကို ထင်ရှားစေခဲ့သည်။ အထူးသဖြင့် မြန်မာအာဏာပိုင်များတွင် လူမျိုးပြုန်းစေလိုသည့် ရည်ရွယ်ချက် ရှိ၊မရှိ သုံးသပ်ရာ၌ ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှုများ ဖျက်ဆီးခံရမှုနှင့် ဖေ့စ်ဘုတ်ပေါ်တွင် စနစ်တကျ ဆောင်ရွက်ခဲ့သော အမုန်းစကားဖြန့်ဝေရေးလှုပ်ရှားမှုများအား လေ့လာထားသည့် ယန္တရား၏ အစီရင်ခံစာများကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကားခဲ့ကြသည်။

၄၈။ အဆိုပါ ကြားနာစစ်ဆေးမှုများသည် ရခိုင်ပြည်နယ်တွင် ပြုလုပ်ခဲ့သည့် စစ်တပ်၏ ရှင်းလင်းစစ်ဆင်ရေးများသည် မည်မျှကျယ်ပြန့်ပြီး ရက်စက်ကြမ်းကြုတ်ခဲ့သည်ကို ပြန်လည် သတိပေးနိုင်ခဲ့သည်။ ထို့အပြင် တရားမျှတမှုရရှိရေးနှင့် ကျူးလွန်သူများ တာဝန်ခံမှုရှိစေရေးအတွက် ရိုဟင်ဂျာအသိုင်းအဝိုင်းက နှစ်ပေါင်းများစွာ မလျှော့တမ်း ကြိုးပမ်းလာခဲ့မှုကိုလည်း ထင်ဟပ်စေခဲ့သည်။ ဤအမှုသည် ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအတွက် တာဝန်ခံမှုနှင့် လူမျိုးပြုန်းစေမှုဆိုင်ရာစွပ်စွဲချက်များကို ကိုင်တွယ်ဖြေရှင်းနေသည့် ယနေ့ခေတ် နိုင်ငံတကာဥပဒေဆိုင်ရာ အရေးအပါဆုံးအမှုများအနက် တစ်ခုဖြစ်သည့်အတွက်၊ မကြာမီ ချမှတ်မည့် တရားရုံး၏ စီရင်ချက်သည် လူမျိုးပြုန်းစေမှုကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့အတွက် အရေးပါသော သက်ရောက်မှုများရှိလာမည်ဟု မျှော်လင့်ရသည်။ ယင်းသက်ရောက်မှုများသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အခြေအနေတွင်သာမက အခြားအခြေအနေများအတွက်ပါ အရေးပါလာမည်ဖြစ်သည်။

**နိုင်ငံတကာရာဇဝတ်ခုံရုံး (အိုင်စီစီ) နှင့် အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်အစိုးရရှေ့နေရုံး**

၄၉။ အစီရင်ခံကာလအတွင်း ယန္တရားသည် ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သော အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို နိုင်ငံတကာရာဇဝတ်ခုံရုံး (အိုင်စီစီ) နှင့် အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်အစိုးရရှေ့နေရုံးတို့က အသီးသီးဆောင်ရွက်နေသည့် စုံစမ်းစစ်ဆေးမှုများ အတွက် မျှဝေပေးခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အိုင်စီစီ၏ တရားလိုရှေ့နေက မြန်မာစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရိုဟင်ဂျာများကို နိုင်ငံတွင်းမှနှင်ထုတ်ခြင်းနှင့် ဖိနှိပ်ညှဉ်းပန်းခြင်းအားဖြင့် လူသားမျိုးနွယ်ကိုကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့်အတွက် ဖမ်းဝရမ်းထုတ်ပေးရန် ရုံးတော်အား တောင်းဆိုထားကြောင်း ကြေညာခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်ရာဇဝတ်မှုခုံရုံးက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြားလူပုဂ္ဂိုလ် ၂၄ ဦးကို ဖမ်းဝရမ်းများ ထုတ်ပြန်ရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းဖမ်းဝရမ်းများဖြင့် ၎င်းတို့ကို

အာဂျင်တီးနားအာဏာပိုင်များ ဆောင်ရွက်နေသည့် စုံစမ်းစစ်ဆေးမှုအတွက် တရားရုံးရှေ့မှောက်တွင် ထွက်ဆိုချက်ပေးရန် ဆင့်ခေါ်ထားသည်။ ယန္တရားသည် အဆိုပါ စုံစမ်းစစ်ဆေးမှုများနှင့် သက်ဆိုင်နိုင်သည့် အထောက်အထားများကို ရှာဖွေဖော်ထုတ်၍ ဆက်လက်စုဆောင်းလျက်ရှိသည်။ ထို့အပြင် ယင်းအာဏာပိုင်များက လိုအပ်သည့် တိကျသောအချက်အလက်များ သို့မဟုတ် စိစစ်သုံးသပ်ချက်များကို တောင်းခံလာသည့်အခါ ယန္တရားက ဖြည့်ဆည်းပေးလျက်ရှိသည်။ ယင်းတို့တွင် စုံစမ်းစစ်ဆေးခံနေရသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် သက်ဆိုင်သော အချက်အလက်များနှင့် စိစစ်သုံးသပ်ချက်များလည်း ပါဝင်သည်။

၅၀။ အိုင်စီစီ၌ ဆောင်ရွက်နေသည့် တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တရားလိုရှေ့နေက ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် တရားသူကြီးများသည် အိုင်စီစီ၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက်အရ တရားသူကြီးများက အခြားနည်းဖြင့် ဆုံးဖြတ်ထားခြင်းမရှိပါက ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားချက်များကို “လျှို့ဝှက်” သို့မဟုတ် “ချိတ်ပိတ်ထားသော” လျှောက်ထားချက်အဖြစ် သတ်မှတ်သည်။ ထို့ကြောင့် အဆိုပါ ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားချက်များနှင့်ဆိုင်သော တရားရုံး၏ဆုံးဖြတ်ချက်များကို ဆက်လက် လျှို့ဝှက်ထားရမည်ဖြစ်ပြီး၊ ယင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် တောင်းဆိုထားသည့် လျှောက်ထားချက်လည်း ပါဝင်နိုင်သည်။ သို့သော် တရားသူကြီးများသည် အမှုတစ်ခုချင်းစီ၏ အခြေအနေကိုမူတည်၍ ဖမ်းဝရမ်း သို့မဟုတ် ဆင့်ခေါ်စာ ထုတ်ပြန်ထားကြောင်း အများပြည်သူသို့ အသိပေးရန် ဆုံးဖြတ်နိုင်သည်။ ထိုသို့ ထုတ်ပြန်ခြင်းသည် ဆက်လက်ကျူးလွန်နေသည့် ရာဇဝတ်မှုများကို ရပ်တန့်စေရန်၊ နောက်ထပ် ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ဟန့်တားရန် သို့မဟုတ် ဖမ်းဆီးနိုင်မည့် အလားအလာ ပိုမိုမြင့်မားစေရန် စသည့် ရည်ရွယ်ချက်များအတွက် ဖြစ်နိုင်သည်။

### အခြားနိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်များ

၅၁။ အဆိုပါ တရားစီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်သုံးခုအပြင်၊ ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်အတွင်း အကျုံးဝင်သော ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို မျှဝေရန် ဖြိတိန်နိုင်ငံရှိ အာဏာပိုင်အဖွဲ့အစည်း အများအပြားနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယင်းတို့တွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် အခြားလူမျိုးစုများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအပြင်၊ ၂၀၂၁ ခုနှစ် စစ်တပ်မှ အာဏာသိမ်းပြီးနောက် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများလည်း ပါဝင်သည်။ အဆိုပါ အာဏာပိုင်အဖွဲ့အစည်းများတွင် မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုနှိမ်နင်းရေးဌာနချုပ်အောက်ရှိ အထူးအဖွဲ့ဖြစ်သော စစ်ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရေးအဖွဲ့လည်း ပါဝင်သည်။ ယင်းအဖွဲ့သည် အိုင်စီစီ၏ တရားလိုရှေ့နေရုံးက စိစစ်နေသည့်အမှုများနှင့် အလားတူအမှုများကို ဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ဆောင်ရွက်ထားသည်။

၅၂။ ယန္တရားက အခြားနိုင်ငံများရှိ တရားစီရင်ရေး အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များ၏ တောင်းဆိုချက်အရ လျှို့ဝှက်ထားသည်။ ထို့အပြင် လက်ရှိဆောင်ရွက် နေသည့် စုံစမ်းစစ်ဆေးမှုများသည် အကဲဆတ်ပြီး၊ ကနဦးအဆင့်တွင်သာ ရှိနေသေးခြင်းကြောင့်လည်း ယင်းအချက်အလက်များကို လျှို့ဝှက်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ယင်းစုံစမ်းစစ်ဆေးမှုများသည် ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ရှင်းလင်းစစ်ဆင်ရေးများနှင့် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် အခြေအနေနှစ်ရပ်စလုံးတွင် မြန်မာနိုင်ငံ၌ ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှု ကျူးလွန်သူများထံမှ အကျိုးအမြတ် ရရှိခဲ့သူများနှင့်/သို့မဟုတ် ကျူးလွန်သူများအား လိုအပ်သည့်

ပစ္စည်း၊ ငွေကြေး သို့မဟုတ် အခြားအထောက်အပံ့များ ပေးအပ်ခဲ့သူများကို အဓိကထား စုံစမ်းစစ်ဆေးနေခြင်းဖြစ်သည်။ ယန္တရားသည် နိုင်ငံအာဏာပိုင်များထံမှ ရရှိလာသည့် အကူအညီ တောင်းခံချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင်၊ စုံစမ်းစစ်ဆေးမှုများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်လာစေရန် အားပေးသည့်အနေဖြင့် သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ရှိသည့် နိုင်ငံများကိုလည်း ယန္တရားဘက်က စတင်ပြီး ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

၅၃။ ထို့အပြင် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၊ ရှင်းလင်းစစ်ဆင်ရေးများအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ ထိခိုက်နစ်နာသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက တိုင်ကြားထားသည့် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်အများအပြားကိုလည်း ယန္တရားက အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ ယင်းတိုင်ကြားချက်များကို ကမ္ဘာလွှမ်းခြုံတရားစီရင်ပိုင်ခွင့် သို့မဟုတ် နယ်နိမိတ်ဖြတ်ကျော်တရားစီရင်ပိုင်ခွင့်ကို အခြေခံ၍ သက်ဆိုင်ရာနိုင်ငံများ၏ တရားရုံးများတွင် တင်သွင်းထားခြင်းဖြစ်သည်။ ယင်းအမှုတိုင်ကြားချက်များကို ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောလက်စ်တီနှင့် တူရကီနိုင်ငံတို့တွင် တင်သွင်းထားပြီး၊ လက်ရှိတွင် သက်ဆိုင်ရာအာဏာပိုင်များက တိုင်တန်းချက်များကို စိစစ်သုံးသပ်သင့်၊ မသင့် စဉ်းစားနေဆဲဖြစ်သည်။

## III. ပူးပေါင်းဆောင်ရွက်မှု၊ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေးလုပ်ငန်းများတွင် တိုးတက်မှု

### A. အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၄။ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများ၏ အချက်အလက်များနှင့် အထောက်အထားများကို စုဆောင်းနိုင်ရန် ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ထိခိုက်နစ်နာသူများနှင့် သက်သေများအပါအဝင် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များစွာ၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရန် ယန္တရားသည် နိုင်ငံအသီးသီး၏ မြို့တော်များတွင် အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အဆင့်မြင့်ဆွေးနွေးတိုင်ပင်မှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုများသည် ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုများအကြောင်း လူအများ ပိုမိုသိရှိလာစေရန်အတွက် အရေးပါသည့် အခွင့်အလမ်းများ ဖြစ်ခဲ့သည်။ ယင်းတွေ့ဆုံဆွေးနွေးမှုများမှတဆင့် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေအတွင်း အထောက်အထားများ စုဆောင်းနိုင်ရန်နှင့် သက်သေများအား တွေ့ဆုံမေးမြန်းနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို တိုးမြှင့်နိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံအလိုက် တရားစီရင်ပိုင်ခွင့်အောက်ရှိ တာဝန်ခံမှုရရှိရေးလုပ်ငန်းများကို ပံ့ပိုးနိုင်မည့် အခွင့်အလမ်းများကိုလည်း မြှင့်တင်ပေးခဲ့သည်။

၅၅။ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံတို့က မြန်မာနိုင်ငံကို ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ပြီး အဓိပ္ပါယ်ရှိရှိ ထိတွေ့ဆက်ဆံရန် သက်ဆိုင်ရာ ဆုံးဖြတ်ချက်များမှတဆင့် တိုက်တွန်းထားသည်။ ယင်းဆုံးဖြတ်ချက်များနှင့်အညီ ယန္တရားသည် စုံစမ်းစစ်ဆေးမှုများအတွက် လိုအပ်သည့် အချက်အလက်များကို မြန်မာစစ်တပ်ထံမှ ပုံမှန်တောင်းခံလျက်ရှိသည်။

၅၆။ ယနေ့အချိန်အထိ ယန္တရားသည် မြန်မာအာဏာပိုင်များအား ၎င်းတို့လက်ဝယ်ရှိ အချက်အလက်များကို ပေးအပ်ရန်နှင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုရန် တောင်းဆိုမှု ၂၄ ကြိမ်ကျော် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် မြန်မာလေတပ်က ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို တောင်းခံခဲ့သည်။ ယင်းတို့တွင် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများအပြင် ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုနှင့်အတူ တခြားတိုက်ခိုက်မှုများ ပါဝင်သည်။ ထို့အပြင် ယန္တရားသည် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများနှင့် ဆက်စပ်၍ မြန်မာလေတပ် သို့မဟုတ် မြန်မာလုံခြုံရေးတပ်ဖွဲ့များက ပြုလုပ်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများနှင့် သက်ဆိုင်သော မှတ်တမ်းများ၊ အစီရင်ခံစာများ သို့မဟုတ် စာရွက်စာတမ်းများ မြန်မာအာဏာပိုင်များထံတွင် ရှိ၊ မရှိကိုလည်း မေးမြန်းတောင်းခံခဲ့သည်။ ထို့အပြင် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများအတွင်း မြန်မာလုံခြုံရေးတပ်ဖွဲ့များက စည်းမျဉ်းများ ချိုးဖောက်ခဲ့ခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်နိုင်ခြေရှိခြင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများနှင့် သက်ဆိုင်သော အချက်အလက်များကိုလည်း တောင်းခံခဲ့သည်။ ယခင်အစီရင်ခံစာများတွင် ဖော်ပြခဲ့သလိုပင် မြန်မာအာဏာပိုင်များသည် ယန္တရား၏ အချက်အလက်တောင်းခံမှုများနှင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခွင့်တောင်းခံမှုများကို တစုံတရာ တုံ့ပြန်ခြင်း မရှိသေးပေ။

၅၇။ အစီရင်ခံကာလအတွင်း ယန္တရားသည် နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် လှုပ်ရှားနေသည့် လက်နက်ကိုင်အဖွဲ့များထံလည်း အချက်အလက်များ တောင်းခံခဲ့သည်။ ယင်းအချက်အလက်များတွင် အရပ်သားများကို သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများအပါအဝင် ရာဇဝတ်မှုဆိုင်ရာ အချက်အလက်များ ပါဝင်သည်။ ယေဘုယျအားဖြင့် ယန္တရားသည် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ရာဇဝတ်မှုများနှင့် ကျူးလွန်သူများနှင့်ဆိုင်သော အချက်အလက်များကို တောင်းခံသည်။ ထို့အပြင် ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံထားရသည့်အဖွဲ့ဝင်များကို အဖွဲ့တွင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်း သို့မဟုတ် ပြုလုပ်ရန် အမိန့်ပေးခဲ့ခြင်း၊ အရေးယူမှုများ သို့မဟုတ် ပြစ်ဒဏ်ချမှတ်မှုများနှင့်ပတ်သက်၍ ရရှိနိုင်သည့် မှတ်တမ်းများ သို့မဟုတ် အစီရင်ခံစာများကိုလည်း တောင်းခံသည်။ အဆိုပါ တောင်းဆိုမှုများအတွက် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အချို့က ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အချို့အဖွဲ့များသည် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၊ ကျူးလွန်သူများဟု စွပ်စွဲခံထားရသူများနှင့်ဆိုင်သော အချက်အလက်များသာမက အဖွဲ့အတွင်း ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများ၊ စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ယန္တရားထံ ပေးအပ်ခဲ့ကြသည်။

၅၈။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေအတွင်း စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အထူးသဖြင့် သက်သေများအား တွေ့ဆုံမေးမြန်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့နိုင်ရေးသည် ယန္တရားအတွက် အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆက်ရှိနေသည်။ အထူးသဖြင့် အထောက်အထားနှင့် သက်သေအများအပြား တည်ရှိနေသည့် အာရှ-ပစိဖိတ်ဒေသမှ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အရေးကြီးသည်။ ယနေ့အချိန်အထိ ယန္တရားသည် အဖွဲ့ဝင် ၁၂ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို သဘောတူ ဆောင်ရွက်ထားပြီးဖြစ်သည်။

၅၉။ ၂၀၂၆ ခုနှစ် မေလတွင် ပြင်သစ်အစိုးရသည် ယန္တရားနှင့် နိုင်ငံတကာတရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို အပြီးသတ်

ခဲ့သည်။ ပြင်သစ်နိုင်ငံနှင့် ယန္တရားတို့အကြား ၂၀၂၄ ခုနှစ် ဇွန်လတွင် ချုပ်ဆိုခဲ့သည့် အဆိုပါ သဘောတူစာချုပ်သည် တရားရေးဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဥပဒေမူဘောင်တစ်ရပ်ကို သတ်မှတ်ပေးပြီး၊ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ခံမှုဖော်ဆောင်ရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန်၊ ယန္တရားနှင့် နိုင်ငံအာဏာပိုင်များကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အဆိုပါ သဘောတူစာချုပ်အရ ယန္တရားနှင့် ပြင်သစ်အာဏာပိုင်တို့သည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုများကို ပူးပေါင်းဆောင်ရွက်နိုင်သည်။ စာချုပ်အရ ယန္တရားသည် ပြင်သစ်နိုင်ငံရှိ သက်သေများနှင့် တွေ့ဆုံခွင့်၊ အချက်အလက်များ ဝင်ရောက်ရယူခွင့်များ တောင်းခံနိုင်သည်။ အပြန်အလှန်အားဖြင့် ပြင်သစ်အာဏာပိုင်များကလည်း ၎င်းတို့၏ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန် ယန္တရားထံမှ အချက်အလက်များကို တောင်းခံနိုင်သည်။ ယင်းသဘောတူစာချုပ်သည် ဩစတြီးယားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အလားတူသည်။ ယန္တရားနှင့် သက်ဆိုင်ရာနိုင်ငံအာဏာပိုင်များကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် အဆိုပါနိုင်ငံများသည် ၎င်းတို့၏ ဥပဒေများကို ၂၀၂၄ ခုနှစ်အတွင်း ပြင်ဆင်ခဲ့ကြသည်။

၆၀။ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့်အညီ၊ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အချက်အလက်များရှိနိုင်သည့် သို့မဟုတ် ယန္တရား၏ အခြားလုပ်ငန်း ကဏ္ဍများတွင် အထောက်အကူပြုနိုင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ရယူခဲ့သည်။ ယင်းတို့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများလည်း ပါဝင်သည်။ နားလည်မှုစာချွန်လွှာထိုးထားသည်နှင့်အညီ ယန္တရားသည် OHCHR နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့အစည်းနှစ်ခု၏ လုပ်ပိုင်ခွင့်တာဝန်များကို အချင်းချင်း အပြန်အလှန် ပံ့ပိုးပေးနိုင်စေရန် ရည်ရွယ်သည်။ ယန္တရား၏ လုပ်ပိုင်ခွင့်တာဝန်မှာ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်ဖြစ်ပြီး၊ OHCHR ၏ လုပ်ပိုင်ခွင့်တာဝန်မှာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အချက်အလက်စုဆောင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ လှုံ့ဆော်စည်းရုံးခြင်းနှင့် သက်ဆိုင်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်းများ လုပ်ဆောင်ရန် ဖြစ်သည်။

## B. အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေး

၆၁။ အသစ်ချမှတ်ထားသော လူထုဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်ဆံရေးမဟာဗျူဟာတွင် ဖော်ပြထားသည့်အတိုင်း၊ ထိရောက်သော လူထုဆက်ဆံရေးလုပ်ငန်းများသည် ယန္တရား၏ လုပ်ပိုင်ခွင့်တာဝန်ဆိုင်ရာ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် ယန္တရားသည် အသက်ရှင်ကျန်ရစ်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တာဝန်ခံမှုရရှိရေး ဆောင်ရွက်နေသူများနှင့် အခြားသက်ဆိုင်သူများကို ဦးတည်သည့် လူထုဆက်ဆံရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများမှတဆင့် ယန္တရား၏ လုပ်ပိုင်ခွင့်၊

လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများ၊ လုပ်ဆောင်နိုင်သည့် လုပ်ငန်းနယ်ပယ်နှင့် ကန့်သတ်ချက်များကို ရှင်းလင်းအသိပေးလျက်ရှိသည်။ ဆက်သွယ်ရေးလမ်းကြောင်းများကို ပွင့်လင်းစွာ ထားရှိပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ၏ အရေးပါမှု၊ လွတ်လပ်စွာဆောင်ရွက်နိုင်မှုနှင့် ဘက်မလိုက်မှုတို့အား ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ကြိုးပမ်းလျက်ရှိသည်။ တချိန်တည်းတွင် ယန္တရား၏လုပ်ငန်းများအတွက် ဆက်လက်ပံ့ပိုးကူညီမှု ရရှိစေရန်လည်း ရည်ရွယ်သည်။

၆၂။ ယန္တရား၏ ဖေ့စ်ဘုတ်စာမျက်နှာသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများရှိ ပြည်သူများနှင့် ဆက်သွယ်ရန် အဓိကဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး၊ လက်ရှိတွင် ယန္တရား၏ ဖေ့စ်ဘုတ်တွင် ပရိသတ်ပေါင်း ၇၉,၀၀၀ ခန့်ရှိသည်။ အစီရင်ခံကာလအတွင်း ဖေ့စ်ဘုတ်စာမျက်နှာတွင် လူထုနှင့် ထိတွေ့မှု သိသိသာသာ မြင့်တက်လာခဲ့ပြီး ယခင်အစီရင်ခံစာကာလနှင့် နှိုင်းယှဉ်ပါက သုံးဆနီးပါး တိုးလာခဲ့သည်။ လူထုစိတ်ဝင်စားမှု အမြင့်ဆုံးလများတွင် ယန္တရား၏ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေနိုင်ခဲ့သောကြောင့် အသုံးပြုသူ ၁၀၀,၀၀၀ ကျော်နှင့် ထိတွေ့မှုရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုသူများ ကြုံတွေ့နိုင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားပါက၊ ယန္တရားက တင်ဆက်သည့် အကြောင်းအရာများကို အရေးပါပြီး ယုံကြည်စိတ်ချရသော အချက်အလက်ရင်းမြစ်တစ်ခုအဖြစ် လူအများက သတ်မှတ်ကြောင်း အဆိုပါ ကိန်းဂဏန်းများက ဖော်ပြနေသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ယန္တရားသည် လင့်ခ်အင် (LinkedIn) စာမျက်နှာကို စတင်ဖွင့်လှစ်ခြင်းဖြင့် အွန်လိုင်းမှတဆင့် လူထုဆက်ဆံရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ခဲ့ပြီး၊ ယခုအခါ အဆိုပါစာမျက်နှာတွင် စောင့်ကြည့်သူပေါင်း ၂,၀၀၀ နီးပါး ရှိလာပြီဖြစ်သည်။

၆၃။ ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော တရားမျှတမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို အများပြည်သူ ပိုမိုသိရှိနားလည်လာစေရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာတရားရုံးတွင် ဆောင်ရွက်နေသည့် တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် တာဝန်ခံမှု ရရှိရေးဆိုင်ရာ အခြားတိုးတက်မှုများကို ပြည်သူများ ပိုမိုရှင်းလင်းစွာ နားလည်နိုင်ရန် မြန်မာနိုင်ငံတွင် အသုံးပြုသည့် ဘာသာစကားအမျိုးမျိုးဖြင့် ရှင်းလင်းချက်စာစောင်များကို ယန္တရားက ပြုစုထုတ်ဝေခဲ့သည်။ ယန္တရားသည် အင်္ဂလိပ်၊ မြန်မာနှင့် ရိုဟင်ဂျာဘာသာစကားများဖြင့် သရုပ်ဖော်ဗီဒီယိုများကိုလည်း ဖန်တီးခဲ့သည်။ ထို့အပြင် ကလေးများအား ကျူးလွန်သည့် သို့မဟုတ် ကလေးများကို ထိခိုက်စေသည့် ရာဇဝတ်မှုများနှင့် ပတ်သက်သော လူထုပညာပေးအကြောင်းအရာများကိုလည်း ပြုစုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့သည်။

၆၄။ ယန္တရားသည် သတင်းထုတ်ပြန်ချက်များ၊ မီဒီယာသို့ ဖြေကြားချက်များ၊ အချက်အလက်ပေးပို့ရန် ဖိတ်ခေါ်မှုများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် သတင်းစာရှင်းလင်းပွဲများမှတဆင့် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းသတင်းမီဒီယာများနှင့် တက်ကြွစွာ ဆက်သွယ်ခဲ့သည်။ အဆိုပါ ကြိုးပမ်းမှုများကြောင့် အစီရင်ခံကာလအတွင်း အသေးစိတ် တွေ့ဆုံမေးမြန်းမှု အကြိမ် ၂၀ ကျော် ပြုလုပ်နိုင်ခဲ့ပြီး၊ သတင်းမီဒီယာများတွင် ယန္တရားအကြောင်း အကြိမ် ၄၀၀ ကျော် ဖော်ပြခံခဲ့ရသည်။ ထို့အပြင် ယန္တရားသည် မြန်မာပြည်သူများအတွက် သတင်းတင်ဆက်ပေးနေသည့် တိုင်းရင်းသားမီဒီယာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းမှုကိုလည်း တိုးမြှင့်ခဲ့သည်။ အဆိုပါ မီဒီယာများ၏ သတင်းတင်ဆက်မှုများအတွက် အချက်အလက်များ ပံ့ပိုးပေးခြင်းအပြင် သတင်းသမားများအား ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုနားလည်နိုင်စေရန် အွန်လိုင်းမှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရှင်းလင်းဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။

၆၅။ ထိခိုက်နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ ထိခိုက်ခံစားရသည့် လူမှုအသိုင်းအဝိုင်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ပံ့ပိုးဆက်သွယ်နိုင်ရေးသည် ယန္တရား၏ အဓိက ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် ဆက်လက်ရှိနေသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသူများသည် တရားမျှတမှုရရှိရေးအတွက် ယန္တရားက လုပ်ဆောင်နေသည့် အခန်းကဏ္ဍကို သိရှိနိုင်စေသည်။ ထို့အပြင် ၎င်းတို့၏ ကိုယ်တွေ့ဖြစ်ရပ်များနှင့်ဆိုင်သော အချက်အလက်များကို တာဝန်ခံမှုရရှိစေရေးလုပ်ငန်းတွင် မည်သို့ စုဆောင်း၊ ထိန်းသိမ်းပြီး စိစစ်သုံးသပ်သည်ကိုလည်း နားလည်သိရှိနိုင်စေသည်။ ယန္တရားသည် လူကိုယ်တိုင် ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ရှင်းလင်းဆွေးနွေးခြင်းများကို ပံ့ပိုးပြုလုပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေပြီး၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ကာ ရရှိလာသည့် အကြံပြုချက်များနှင့် စိုးရိမ်ပူပန်မှုများကိုလည်း ၎င်း၏လုပ်ငန်းများတွင် ထည့်သွင်းလျက်ရှိသည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် ပြည်ပတွင် နေထိုင်ကြသည့် မြန်မာအသိုင်းအဝိုင်းမှ ရာနှင့်ချီသောပြည်သူများနှင့်လည်း လူကိုယ်တိုင် တွေ့ဆုံခဲ့သည်။ ယင်းတွင် ဩစတြေးလျ၊ ကနေဒါ၊ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုရှိ မြန်မာလူမှုအသိုင်းအဝိုင်းများနှင့် ဆွေးနွေးပွဲများတွင် တက်ရောက်ပါဝင်ခြင်း၊ ပြည်ပရောက် မြန်မာအဖွဲ့အစည်းများနှင့် လူထုဆက်ဆံရေးအစီအစဉ်များ ပြုလုပ်ခြင်းတို့ ပါဝင်သည်။

၆၆။ နှစ်စဉ်ကျင်းပသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဒိုင်ယာလော့မှတဆင့် ယန္တရားသည် အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ယန္တရား၏ ဝန်ထမ်းများနှင့် လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးစေခြင်းဖြင့် အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်လျက်ရှိသည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် ၂၀၂၆ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် စတုတ္ထကြိမ်မြောက် ဒိုင်ယာလော့အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ယခင်နှစ်များက ဒိုင်ယာလော့တွင် ပါဝင်ခဲ့သူများနှင့်လည်း အဆက်အသွယ်နှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ရှိနေစေရန် အွန်လိုင်းမှတွေ့ဆုံခဲ့ကြပြီး၊ နောက်ဆုံးအခြေအနေများ၊ လုပ်ငန်းတိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

၆၇။ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ယန္တရားအကြီးအကဲသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားတွင် ကျင်းပသည့် သက်ဆိုင်သူများဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး၊ ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံသို့ မိမိတို့ ဆန္ဒအလျောက်၊ ဘေးကင်းလုံခြုံစွာနှင့် ရေရှည်တည်တံ့စွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် အထောက် အကူပြုမည့် မဟာဗျူဟာများကို ဆွေးနွေးခဲ့သည်။ ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုနှင့် တရားမျှတမှုဆိုင်ရာ အဓိကမိန့်ခွန်းတွင် ၎င်းက အကြမ်းဖက်မှုများ မရပ်တန့်သေးသရွေ့နှင့် အဆိုပါ ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများက တာဝန်ခံမှု မရှိသေးသရွေ့ နေရပ်ပြန်ပို့ရေးသည် ဖြစ်နိုင်မည် မဟုတ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ထို့အပြင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများအတွင်း ပြစ်မှုကျူးလွန်သူများသည် ပြစ်ဒဏ်မှ ကင်းလွတ်နေသည့်အပြင် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နေရပ်စွန့်ခွာမှုများ ထပ်မံဖြစ်ပေါ်နေကြောင်း ယန္တရားအကြီးအကဲက အလေးပေးပြောကြားခဲ့သည်။ ထို့အပြင် ယန္တရားအကြီးအကဲသည် ရိုဟင်ဂျာအသိုင်းအဝိုင်းများနှင့်လည်း ဆွေးနွေးပွဲအမျိုးမျိုးတွင် ပါဝင်ခဲ့သည်။

၆၈။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပခဲ့သည့် သက်ဆိုင်သူများဆွေးနွေးပွဲသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ လတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် "မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် လူနည်းစုများ၏ အခြေအနေဆိုင်ရာ အဆင့်မြင့်ညီလာခံ" အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်၏

အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ အဆိုပါ အဆင့်မြင့်ညီလာခံသို့ ယန္တရားအကြီးအကဲလည်း တက်ရောက်ခဲ့သည်။ ယင်းညီလာခံသည် မြန်မာနိုင်ငံမှ အတင်းအကျပ် နေရပ်စွန့်ခွာခဲ့ရသည့် ရိုဟင်ဂျာ တစ်သန်းကျော်၏ အခြေအနေကို နိုင်ငံတကာက အာရုံပိုစိုက်လာစေရန်နှင့် ၎င်းတို့ မြန်မာနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ၊ မိမိတို့ဆန္ဒအလျောက်နှင့် ရေရှည်တည်တံ့စွာ ပြန်လည်နေထိုင်နိုင်ရေးကို အထောက်အကူပြုမည့် နည်းလမ်းများကို အဖြေရှာနိုင်ရန် ရည်ရွယ်သည်။ အဆိုပါ အဆင့်မြင့်ညီလာခံနှင့် တဆက်တည်း ကျင်းပသည့် သီးခြားအစီအစဉ်တစ်ခုတွင် ယန္တရားသည် "၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများအတွင်း ရိုဟင်ဂျာများ၏ မြေယာနှင့်အိုးအိမ်များ ဖျက်ဆီးခြင်းနှင့် သိမ်းယူခြင်း – အများပြည်သူ ဖတ်ရှုရန် အစီရင်ခံစာအကျဉ်းချုပ်" အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီအစဉ်ကို ဩစတြေးလျနှင့် ဖင်လန်နိုင်ငံ၊ ဥရောပသမဂ္ဂ၊ Legal Action Worldwide နှင့် Global Justice Center တို့က ပူးတွဲကျင်းပခဲ့သည်။

## IV. ယန္တရား၏ အခြားကဏ္ဍများရှိ တိုးတက်မှုများ

### A. သက်သေများအား ကာကွယ်ခြင်း

၆၉။ အစီရင်ခံစာကာလအတွင်း အရင်းအမြစ်ကန့်သတ်ချက်များနှင့် ရင်ဆိုင်ခဲ့ရသော်လည်း၊ သက်သေများနှင့် ယန္တရားကို ပူးပေါင်းကူညီပေးနေသည့် ပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ယန္တရား၏ ကြိုးပမ်းအားထုတ်မှုများမှာ မလျော့သွားပဲ ခိုင်မာစွာ ဆက်ရှိနေသည်။ ယန္တရားသည် နိုင်ငံတကာ အသိအမှတ်ပြု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်း၏ လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းများနှင့် လုပ်ငန်းဆိုင်ရာစံနှုန်းများကို ဆက်လက်မွမ်းမံခဲ့သည်။ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်သောကြောင့် ကြုံတွေ့နိုင်သည့်အန္တရာယ်များကို အနည်းဆုံးဖြစ်စေရန် နောက်ဆုံးပေါ် နည်းပညာများနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို အသုံးပြုလျက်ရှိသည်။ ယန္တရားသည် ရဲတပ်ဖွဲ့တစ်ခုမဟုတ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ နိုင်ငံတစ်နိုင်ငံသို့ သွားရောက်ခွင့် သို့မဟုတ် ပြောင်းရွှေ့နေထိုင်ခွင့် ပေးနိုင်သည့် အာဏာမရှိပါ။ ထိုသို့ ဆောင်ရွက်ပေးရန် လိုအပ်သည့်အခါ ယန္တရားသည် သက်ဆိုင်ရာနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို အားထားရသည်။ ယန္တရားသည် မြန်မာနိုင်ငံအတွင်းရှိသူများနှင့် ကမ္ဘာတဝန်း နေရာအနှံ့တွင် ရောက်ရှိနေကြသည့် ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများကို တွေ့ဆုံဆက်သွယ်လျက်ရှိသည်။ ထိုသို့တွေ့ဆုံရာတွင် ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် အလွန်ပြင်းထန်သော စိတ်ဒဏ်ရာရစေသည့် အတွေ့အကြုံများကို ပြန်လည်ပြောပြရန် ယန္တရားက တောင်းဆိုရလေ့ရှိသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်များအား စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝဆိုင်ရာ ပံ့ပိုးကူညီမှုများပေးရန် ယန္တရား၏ အရင်းအမြစ်နှင့် လုပ်ဆောင်နိုင်စွမ်းတွင် ကန့်သတ်ချက်များရှိသည်။ ထို့ကြောင့် ယန္တရားသည် ပံ့ပိုးကူညီမှုများ ပေးလိုစိတ်ရှိပြီး ပေးနိုင်စွမ်းလည်းရှိသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

၇၀။ အစီရင်ခံကာလအတွင်း ယန္တရားသည် သက်သေများအကာအကွယ်ပေးရေးနှင့် ပံ့ပိုးကူညီရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ဘေးကင်းလုံခြုံရေးနှင့် စိတ်လူမှုဆိုင်ရာ အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားသည့် အကဲဖြတ်မှုများကို ယခင်ကထက် ပိုမိုပြုလုပ်ခဲ့ပြီး၊ ဘေးအန္တရာယ်များ လျော့နည်းစေရန် ထပ်ဆောင်းအစီအမံများကိုလည်း ဆောင်ရွက်ခဲ့သည်။ အစီရင်ခံစာကာလအတွင်း ယန္တရားသည် ဘေးအန္တရာယ်အကဲဖြတ်မှု စုစုပေါင်း ၁၃၇ ကြိမ် ပြုလုပ်ခဲ့သည်။ ယင်းတို့အနက် အများစုမှာ

သက်သေများနှင့် အချက်အလက်ပေးသူများက ယန္တရားနှင့် ဘေးကင်းလုံခြုံစွာ ဆက်သွယ်ပူးပေါင်းနိုင်စေရန် ၎င်းတို့ကြုံတွေ့နိုင်သည့် ဘေးကင်းလုံခြုံရေးဆိုင်ရာနှင့် စိတ်လူမှုဆိုင်ရာ အန္တရာယ်များကို ဘက်စုံဖော်ထုတ်အကဲဖြတ်ရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

၇၁။ ယန္တရားသည် ပိုမိုရှုပ်ထွေးလာသည့် အကာအကွယ်ပေးရေးကိစ္စများကိုလည်း ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။ ယင်းတို့တွင် ဘေးကင်းလုံခြုံရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုများနှင့် စိတ်လူမှုဆိုင်ရာ စိန်ခေါ်မှုကို ရင်ဆိုင်နေရသူများနှင့်ဆိုင်သော ကိစ္စရပ်များလည်း ပါဝင်သည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် နိုင်ငံအများအပြားရှိ သက်သေ ၂၈ ဦးအား တွေ့ဆုံမေးမြန်းမှုများအတွက် တိုက်ရိုက် အကာအကွယ်ပေးခြင်းနှင့် စိတ်လူမှုဆိုင်ရာအထောက်အပံ့များကို ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် အရေးပါသော သက်သေများ ပြောင်းရွှေ့အခြေချနေထိုင်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့၏ အကာအကွယ်ပေးရေးကို စီမံဆောင်ရွက်ခဲ့ပြီး၊ ထိုလုပ်ငန်းစဉ်တလျှောက်လုံးတွင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အနီးကပ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

## B. ဘာသာစကား ပံ့ပိုးမှု

၇၂။ မြန်မာနိုင်ငံတွင် လူမျိုးစုံကပြောဆိုကြသည့် ဘာသာစကားမျိုးစုံကို အသုံးပြုသောကြောင့် ယန္တရား၏ လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုရှုပ်ထွေးစေသည်။ ယန္တရားက စုဆောင်းထားသည့် အချက်အလက်နှင့် အထောက်အထားအများစုမှာ မြန်မာဘာသာစကား (ဗမာစကား) သို့မဟုတ် မြန်မာနိုင်ငံတွင် အသုံးပြုသည့် အခြားဘာသာစကားများ ဖြစ်နေပြီး၊ စာရေးသားပုံစနစ်အမျိုးမျိုး၊ ဖိုင်ပုံစံအမျိုးမျိုးဖြင့် ရှိနေသည်။ ထို့အပြင် ထိခိုက်နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ သက်သေများ၊ သတင်းရင်းမြစ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်လုပ်ဆောင်သူ အများစုသည် မြန်မာဘာသာစကား (ဗမာစကား) သို့မဟုတ် အခြားဘာသာစကားများဖြစ်သော ချင်း၊ ကချင်၊ ကရင်၊ ရခိုင်နှင့် ရိုဟင်ဂျာဘာသာစကားများကို ပြောဆိုကြသည်။ ထို့ကြောင့် ယန္တရားသည် အချက်အလက်နှင့် အထောက်အထားများ စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ သက်ဆိုင်သူမျိုးစုံနှင့် အဓိပ္ပာယ်ပြည့်ဝစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် မြန်ဆန်ပြီး တိကျမှန်ကန်သည့် ဘာသာပြန်ဆိုမှုနှင့် စကားပြန်ဆိုမှု စွမ်းဆောင်ရည်များ လိုအပ်သည်။

၇၃။ ယန္တရားသည် ဘာသာပြန်ဝန်ဆောင်မှုအမျိုးမျိုးဖြင့် ဘာသာစကားဆိုင်ရာ ပံ့ပိုးကူညီမှုများကို လုပ်ဆောင်လျက်ရှိသည်။ ယန္တရားက စုဆောင်းထားသည့် အထောက်အထားများကို ဘာသာပြန်ဆိုခြင်းသည် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆက်လက်ရှိနေသကဲ့သို့၊ သက်သေများအား ကနဦးစိစစ်မေးမြန်းမှုနှင့် တွေ့ဆုံမေးမြန်းမှုများ ပိုတိုးလာသောကြောင့် ဘာသာစကားအမျိုးမျိုးအတွက် စကားပြန်ဝန်ဆောင်မှုများလည်း ပိုပြီးလိုအပ်လာခဲ့သည်။ ထို့အပြင် လူထုဆက်ဆံရေးလုပ်ငန်းများ၊ သက်သေကာကွယ်ရေး အစီအမံများနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်နိုင်ရန် ဘာသာစကားပံ့ပိုးမှုများလည်း လိုအပ်သည်။

၇၄။ ဘာသာပြန်ဆိုမှုနှင့် စကားပြန်ဆိုမှုများတွင် အသုံးအနှုန်းများ တသမတ်တည်းဖြစ်စေရန် ရည်ရွယ်၍ ယန္တရားသည် လိုအပ်သည့်စနစ်များကို ဖော်ဆောင်လျက်ရှိသည်။ ဥပမာအားဖြင့် မြန်မာ၊ အင်္ဂလိပ်နှင့် ရိုဟင်ဂျာဘာသာစကားများဖြင့် ဝေါဟာရ ၈,၀၀၀ ကျော် ပါဝင်သည့် ဝေါဟာရစုစည်းမှုစနစ်ကို အသုံးပြုလျက်ရှိသည်။ အဆိုပါ စုစည်းမှုစနစ်ကို ဘာသာစကားကျွမ်းကျင်သူများ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့်

အချက်အလက်ပေးသူများအကြား ညှိနှိုင်းပူးပေါင်း၍ ဆက်လက်ဖြည့်စွက်ကာ ပိုမိုကောင်းမွန်အောင် ပြင်ဆင်လျက်ရှိသည်။ ယင်းတွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ စစ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေဆိုင်ရာ အယူအဆများနှင့် သက်ဆိုင်သည့် အထူးပြုဝေါဟာရများကို ထပ်မံဖြည့်စွက်ခြင်းလည်း ပါဝင်သည်။

## C. ဝန်ထမ်းများနှင့် ရင်းမြစ်ပစ္စည်းများ ဘေးကင်းလုံခြုံရေး

၇၅။ ယန္တရားသည် အလွန်ခက်ခဲသည့် အခြေအနေများ၌ပင် ဝန်ထမ်းများ၊ ရင်းမြစ်ပစ္စည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကို အကာအကွယ်ပေးရန်နှင့် စုံစမ်းစစ်ဆေးရေးများ၏ လုံခြုံမှုကို ထိန်းသိမ်းရန် အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ သတိကြီးစွာထား၍ လျှို့ဝှက်စွာ ဆောင်ရွက်ခြင်းသည် ယန္တရား၏ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဘေးကင်းလုံခြုံပြီး ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလွန်အရေးပါခဲ့သည်။ ယန္တရားသည် လုံခြုံရေးအခြေအနေ အချိန်မရွေး ပြောင်းလဲနိုင်သည့်နေရာများရှိ လုပ်ငန်းများအပါအဝင်၊ လုပ်ငန်းနေရာအားလုံးတွင် လုံခြုံရေးဆိုင်ရာအနေအထားများကို ထည့်သွင်းစဉ်းစားသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ရှုပ်ထွေးသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို အဆက်မပြတ် အကဲဖြတ်ကာ အန္တရာယ်လျော့နည်းစေရန် ဆောင်ရွက်ပြီး၊ ယန္တရား၏ ဝန်ထမ်းများ၊ လုပ်ငန်းနေရာများနှင့် ရင်းမြစ်ပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိစေရန် ကြိုးပမ်းလျက်ရှိသည်။

၇၆။ ယန္တရားသည် ကုလသမဂ္ဂ လုံခြုံရေးစီမံခန့်ခွဲမှုစနစ်၏ မူဝါဒနှင့် ကိုက်ညီသည့် လုံခြုံရေးအန္တရာယ် စီမံခန့်ခွဲမှုနည်းလမ်းကို ဆက်လက်ကျင့်သုံးခဲ့သည်။ ယင်းတို့တွင် ခြိမ်းခြောက်မှုများနှင့် အန္တရာယ်များ ကို စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းနှင့် ပြောင်းလဲနေသည့် အခြေအနေများအလိုက် အန္တရာယ်လျော့နည်းစေရန် အစီအမံများ ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ စနစ်တကျ ဖွဲ့စည်းပြုစုထားသည့် လုံခြုံရေးအန္တရာယ် စီမံခန့်ခွဲမှုမူဘောင်ကို အကောင်အထည်ဖော်ခြင်းဖြင့် ယန္တရားသည် လုံခြုံရေးအန္တရာယ်များနှင့် ထိတွေ့မှု အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ခဲ့ပြီး၊ တချိန်တည်းတွင် လုပ်ငန်းများကို အနှောင့်အယှက်မရှိ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ လုံခြုံစိတ်ချရသော ဆက်သွယ်ရေးစနစ်များ၊ အချက်အလက် ကာကွယ်ရေးနှင့် ဝင်ရောက်အသုံးပြုခွင့်ကို ထိန်းချုပ်ခြင်းတို့အပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် အချက်အလက် ဆိုင်ရာ လုံခြုံရေးအစီအမံများကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ယန္တရား၏ ဝန်ထမ်းများ၊ ရင်းမြစ်ပစ္စည်းများနှင့် အရေးကြီးသည့်အချက်အလက်များကို ပိုမိုကာကွယ်နိုင်ခဲ့သည်။ ယင်းတွင် သက်သေများ၊ ယန္တရားနှင့် ဆက်သွယ်ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များနှင့် သက်ဆိုင်သော အချက်အလက် များလည်း ပါဝင်သည်။ ယန္တရား၏ ဆိုက်ဘာလုံခြုံရေးအဖွဲ့နှင့် လုံခြုံရေးညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်သူများသည် ခြိမ်းခြောက်မှုများကို တစုတစည်းတည်း ချိတ်ဆက်သည့် နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းကာ ယန္တရား၏ အရေးကြီးပြီး လျှို့ဝှက်ထားရမည့် အချက်အလက်များကို ကာကွယ်ရန် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အစီအမံများကြောင့် သက်သေများ၊ ယန္တရားနှင့် ဆက်သွယ်သည့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆက်သွယ်ခြင်း၊ စုံစမ်းစစ်ဆေးရေးများနှင့် အခြားလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့၏ အကျိုးစီးပွားကို ဆန့်ကျင်ဆောင်ရွက်နေသည်ဟု ယူဆရသူများကို ပစ်မှတ်ထားခြင်းနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများ ပိုမိုများပြားလာခြင်းတို့ကြောင့် လုံခြုံရေး အန္တရာယ်များ

မြင့်တက်လာသော်လည်း၊ အဆိုပါ လုံခြုံရေးအစီအမံများကြောင့် ယန္တရား၏ လုပ်ငန်းများကို ဘေးကင်း လုံခြုံစွာ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

## D. နည်းပညာနှင့် အခြေခံအဆောက်အအုံ

၇၇။ ယန္တရားသည် အချက်အလက်များ၊ စာရွက်စာတမ်းများနှင့် အထောက်အထားများကို စုဆောင်းရာတွင် သက်သေများနှင့် အချက်အလက်ပေးသူများထံမှ ပုံစံအမျိုးမျိုးဖြင့် ပစ္စည်းအမျိုးအစားစုံကို လက်ခံရရှိလေ့ရှိသည်။ ယင်းတို့တွင် သတင်းစာများကဲ့သို့သော ပုံနှိပ်မီဒီယာများအပြင် အသံဖိုင်များ၊ ရုပ်ပုံနှင့် ဗီဒီယိုများ၊ ဒစ်ဂျစ်တယ်မီဒီယာများနှင့် ဆိုရှယ်မီဒီယာရှိ အကြောင်းအရာများလည်း ပါဝင်သည်။

၇၈။ ယန္တရားသည် လိုအပ်သည့် လုပ်ဆောင်နိုင်စွမ်းရည်များကို ဖြည့်ဆည်းရန်၊ ပိုမိုများပြားလာသည့် အထောက်အထားများကို ကိုင်တွယ်နိုင်ရန်နှင့် အစဉ်ပြောင်းလဲတိုးတက်နေသည့် ဒစ်ဂျစ်တယ် နည်းပညာ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ဉာဏ်ရည်တုနည်းပညာ (AI) နှင့် အခြားနည်းပညာ အသစ်များကို ဆက်လက်တိုးမြှင့် အသုံးပြုလျက်ရှိသည်။ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများတွင် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုရာ၌ ဉာဏ်ရည်တုနည်းပညာ အထောက်အကူကို အသုံးပြုခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများတွင် အလိုအလျောက် လုပ်ဆောင်နိုင်မှု ပိုမိုတိုးမြှင့်ခြင်းနှင့် အထောက်အထားများကို စိစစ်သုံးသပ်ရာတွင် အသုံးပြုသည့် မှုခင်းစိစစ်သုံးသပ်ရေးပလက်ဖောင်း၏ လုပ်ဆောင်နိုင်စွမ်းများကို ပိုမိုမြှင့်တင်ခြင်းတို့ ပါဝင်သည်။ ယန္တရားသည် အဆိုပါ ပလက်ဖောင်းကိုအသုံးပြုကာ အထောက်အထားများထဲမှ အချက်အလက်များကို စနစ်တကျ ထုတ်ယူခြင်း၊ စုစည်းခြင်းနှင့် မှတ်ချက်များထည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း သတ်မှတ်ရန် လိုအပ်သည့် အဓိကအချက်များကို စိစစ်သုံးသပ်နိုင်စေသည်။ နည်းပညာများ အလျင်အမြန် တိုးတက်ပြောင်းလဲနေသည့်အတွက် လာမည့် အစီရင်ခံကာလများတွင်လည်း ဉာဏ်ရည်တုနည်းပညာသည် ယန္တရား၏ လုပ်ဆောင်နိုင်စွမ်းများ ပိုမိုအားကောင်းလာစေရန် ဆက်လက်ပံ့ပိုးနိုင်မည်ဟု မျှော်လင့်ထားသည်။

၇၉။ ထို့အပြင် ယန္တရားသည် ရုပ်ပုံနှင့် ဗီဒီယိုများကို ကွန်ပျူတာနည်းပညာဖြင့် စိစစ်နိုင်သည့် ဒစ်ဂျစ်တယ် ပလက်ဖောင်းတစ်ခုကို ဖန်တီး၍ လက်တွေ့အသုံးပြုခဲ့သည်။ ယင်းပလက်ဖောင်းတွင် စုံစမ်းစစ်ဆေးသူများနှင့် စိစစ်သုံးသပ်သူများသည် ယန္တရားက သိမ်းဆည်းထားသည့် ရုပ်ပုံနှင့်ဗီဒီယို အထောက်အထားများထဲမှ လိုအပ်သည့် အထောက်အထားများကို ရှာဖွေခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် ဖော်ထုတ်ခြင်းတို့ ပြုလုပ်နိုင်သည်။ ထိုပလက်ဖောင်းရှိ ဓာတ်ပုံနှင့် ဗီဒီယိုပေါင်း ၅ သန်းကျော်မှ မိမိလိုအပ်သည့် အထောက်အထားပစ္စည်းများ၊ အထူးသဖြင့် လက်နက်အမျိုးအစားအချို့နှင့် တပ်ဖွဲ့များ၏ လက်မောင်းတံဆိပ်များကို ရှာဖွေဖော်ထုတ်နိုင်သည်။ ယင်းပလက်ဖောင်းသည် ယန္တရား၏ စိစစ်သုံးသပ်နိုင်စွမ်းကို ပိုမိုအားကောင်းစေပြီး သတ်မှတ်ထားသည့် စုံစမ်းစစ်ဆေးရေးလမ်းကြောင်းများကို ပိုမိုထိရောက်စွာ စုံစမ်းနိုင်ရန် အထောက်အကူပြုသည်။ ထို့အပြင် အဆိုပါပလက်ဖောင်းသည် ရက်စက်ကြမ်းကြုတ်သည့် ရုပ်ပုံများကိုလည်း ခွဲထုတ်ပေးနိုင်သည်။ ယင်းကဲ့သို့သော အကြောင်းအရာများကို ကြည့်ရှုရသည့် ယန္တရား၏ဝန်ထမ်းများအတွက် နောက်ဆက်တွဲ စိတ်ဒဏ်ရာ ဖြစ်ပွားနိုင်ခြေကို လျှော့ချရန် အထောက်အကူ ပြုသည်။

၈၀။ ဆိုက်ဘာလုံခြုံရေးရှုထောင့်မှကြည့်လျှင် ဖုန်းများ၊ ကွန်ပျူတာများနှင့် ဆော့ဖ်ဝဲများအပါအဝင် ဆက်သွယ်ရေးနည်းပညာများသည် အလျင်အမြန် ပြောင်းလဲတိုးတက်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းဒေသများတွင် ဒစ်ဂျစ်တယ်အသုံးပြုမှုကို ကန့်သတ်ထိန်းချုပ်သည့် နည်းပညာများ ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ယခင်က စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ခဲ့သည့် နည်းပညာများသည် အကန့်အသတ်ဖြစ်လာခြင်း သို့မဟုတ် လုံးဝအသုံးပြု၍ မရတော့ခြင်းများ ဖြစ်လာသည်။ ယင်းအခြေအနေကို တုံ့ပြန်နိုင်ရန် ယန္တရားသည် အာရှ-ပစိဖိတ်ဒေသရှိ သက်သေများနှင့် ဆက်သွယ်ဆောင်ရွက်နေသူများကို ဘေးကင်းလုံခြုံစွာ ဆက်သွယ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာ၍ လိုက်လျောညီထွေ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အစီရင်ခံကာလအတွင်း ဖော်ထုတ်တွေ့ရှိခဲ့သည့် ဆိုက်ဘာခြိမ်းခြောက်မှု အများစုကို အနီးကပ်စောင့်ကြည့်ပြီး အန္တရာယ်လျော့နည်းစေရန် ထပ်ဆောင်းအစီအမံများနှင့် လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများကို အကောင်အထည်ဖော်ခဲ့သည်။

## V. စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်

၈၁။ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ရသည့် အခြေအနေတို့၏ သဘောသဘာဝအရ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ယင်းတို့တွင် မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိ အခြားအဖွဲ့ဝင်နိုင်ငံများတွင် နေထိုင်ကြသော သက်သေများကို တိုက်ရိုက်တွေ့ဆုံနိုင်မှု မရှိခြင်း၊ အာရှ-ပစိဖိတ်ဒေသရှိ အဓိကအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု မရရှိခြင်းနှင့် ဝန်ထမ်းများ၊ သက်သေများနှင့် ယန္တရားက ဆက်သွယ်နေသည့် ပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးကို ခြိမ်းခြောက်မှုများ ပိုမိုများပြားလာခြင်း များပါဝင်သည်။ ထို့အပြင် ဆက်သွယ်ရေးစနစ်များကို ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အချက်အလက်များကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ရေးတွင်လည်း အကန့်အသတ်များ ရှိနေသည်။ အစီရင်ခံကာလအတွင်း ကုလသမဂ္ဂတစ်ခုလုံးတွင် ယခင်က မကြုံဖူးသည့် ငွေကြေးလည်ပတ်မှု အကျပ်အတည်း၊ အသုံးစရိတ်လျှော့ချရေး အစီအမံများနှင့် ပုံမှန်ဘတ်ဂျက်ပြင်ပ ရန်ပုံငွေများရရှိနိုင်မှု လျော့နည်းလာခြင်းတို့ကြောင့် အဆိုပါစိန်ခေါ်မှုများ ပိုမိုဆိုးရွားလာခဲ့သည်။ ယင်းအခြေအနေကြောင့် ယန္တရား၏ ဝန်ထမ်းအင်အားနှင့် အခြားအရင်းအမြစ်များကို သိသိသာသာ လျှော့ချခဲ့ရသည်။

၈၂။ အဆိုပါ ဘတ်ဂျက်ဆိုင်ရာ စိန်ခေါ်မှုများအပြင် ယခုနှင့် ယခင်အစီရင်ခံကာလများအတွင်း အဖွဲ့ဝင်နိုင်ငံအချို့က ပုံမှန်ဘတ်ဂျက်ပြင်ပ ရန်ပုံငွေများ လျှော့ချမည်ဟု ကြေညာခဲ့သောကြောင့် အလှူရှင်များ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် အဓိကကျသော စီမံချက်များ၏ အနာဂတ်မှာလည်း ပို၍ မရေရာဖြစ်လာသည်။ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံတွင် ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများ ပိုမိုပြင်းထန်လာနေသည့်အချိန်တွင် ယန္တရားသည် လိုအပ်သည့် အရင်းအမြစ်များနှင့် လုပ်ဆောင်နိုင်စွမ်းများကို ဆုံးရှုံးနေရသည်။

၈၃။ ပုံမှန်ရန်ပုံငွေဖြင့်ခန့်ထားသည့် စုံစမ်းစစ်ဆေးသူ ရာထူးတစ်နေရာကို ဖျက်သိမ်းခဲ့ခြင်းနှင့် ပြင်ပအလှူရန်ပုံငွေများဖြင့် ခန့်အပ်ထားသည့် အထူးကျွမ်းကျင်သူရာထူးများ ဆုံးရှုံးခဲ့ခြင်းတို့ကြောင့် ယန္တရားသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများကို ကျူးလွန်သည့် သို့မဟုတ် ကလေးများကို ထိခိုက်စေသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနိုင်စွမ်း သိသိသာသာ လျော့နည်းလာသည်။ သို့သော် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများကို ကျူးလွန်သည့် သို့မဟုတ်

ကလေးများကို ထိခိုက်စေသည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းကို ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်သတ်မှတ်ထားပြီး၊ လုပ်ငန်းကဏ္ဍအားလုံးတွင်လည်း ယင်းရာဇဝတ်မှုများကို ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးသူများ၊ ဥပဒေပညာရှင်များနှင့် စိစစ်သုံးသပ်သူများအားလုံးသည် အဆိုပါရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ကျွမ်းကျင်မှုနှင့် စွမ်းရည်ရှိနေပြီး၊ ယင်းအမှုများကို ဦးစားပေး ဆောင်ရွက်ရန်လည်း ညွှန်ကြားထားသည်။

၈၄။ ထို့အပြင် သက်သေများအား အကာအကွယ်ပေးရေးနှင့် ပံ့ပိုးကူညီရေးလုပ်ငန်းများ၊ မြန်မာဘာသာ စကားဖြင့် ရရှိထားသည့် အထောက်အထားများကို စိစစ်သုံးသပ်ခြင်းတို့အတွက် ဆောင်ရွက်နေသည့် စီမံချက်များကို တစ်ဦးတည်း ရန်ပုံငွေထောက်ပံ့နေသည့် အလှူရှင်မှ ၎င်း၏ ရန်ပုံငွေထည့်ဝင်မှုကို ရပ်ဆိုင်းခဲ့ သည်။ ထို့အပြင် ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးမှုများအတွက် အလှူရှင်များပူးပေါင်းကာ ရန်ပုံငွေ ထောက်ပံ့သည့် စီမံချက်တစ်ခုအတွက် ပံ့ပိုးကူညီမှုကိုလည်း ရုပ်သိမ်းခဲ့သည်။ ထို့ကြောင့် ယန္တရား၏ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးမှု လုပ်ဆောင်နိုင်စွမ်း လျော့နည်းသွားခဲ့သည်။

၈၅။ ယန္တရားသည် အလှူရှင်များထံမှ ရရှိခဲ့သည့် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် အရေးပါသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံတွင် ကျူးလွန်သည့် အကြီးလေးဆုံးသော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရရှိရေးကို အထောက်အကူပြုရန် အဖွဲ့ဝင်နိုင်ငံများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများအနေဖြင့် စေတနာအလျောက် ရန်ပုံငွေ ထည့်ဝင်ပံ့ပိုးပေးရန် ယန္တရားက မေတ္တာရပ်ခံပါသည်။

## VI. နိဂုံး

၈၆။ အစီရင်ခံကာလအတွင်း မြန်မာနိုင်ငံ၏အခြေအနေကို "အမေ့အလျော့ခံပဋိပက္ခ" ဟု ဖော်ပြခဲ့ ကြသည်။ သို့သော် ယန္တရားအနေဖြင့် မြန်မာနိုင်ငံကို မည်သည့်အခါမျှ မေ့လျော့ထားခြင်း မရှိကြောင်း အလေးပေး ဖော်ပြလိုသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးသူများ၊ ဥပဒေပညာရှင်များနှင့် စိစစ်သုံးသပ်သူများသည် မြန်မာနိုင်ငံတဝန်း ကျူးလွန်ခဲ့သည့် အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှု များနှင့် သက်ဆိုင်သည့် အထောက်အထားများကို နေ့စဉ်နှင့်အမျှ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ယန္တရားသည် စွပ်စွဲထားသည့် ရာဇဝတ်မှုအမျိုးအစားများ ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ယင်းရာဇဝတ်မှုများကို ဆက်လက်တိုးချဲ့၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ တချိန်တည်းတွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများနှင့် အခြား တာဝန်ခံမှုရရှိရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန် နိုင်ငံတွင်းနှင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေး အာဏာပိုင်များနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းကြိုးပမ်းအားထုတ်မှုများသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရရှိရေးနှင့် ထိခိုက်နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှုရရှိရေးဟူသည့် အခြေခံကျသော မဖြစ်မနေ ဆောင်ရွက်ရမည့် ရည်မှန်းချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

၈၇။ သို့သော် တရားမျှတမှုဖော်ဆောင်ခြင်းသည် လျင်မြန်လွယ်ကူသည့် လုပ်ငန်းစဉ်တစ်ခု မဟုတ်ပါ၊ အချိန်ကြာမြင့်ပြီး ရှုပ်ထွေးကာ စိန်ခေါ်မှုများစွာရှိသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၏ အတိုင်းအတာကျယ်ပြန့်မှုနှင့် ရှုပ်ထွေးမှုတို့အပြင် ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ၊ လုံခြုံမှုမရှိသည့် အခြေအနေများနှင့် အရင်းအမြစ်

ကန့်သတ်ချက်များကြောင့် ယန္တရားသည် ကြီးမားသော စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်။ မကြာသေးမီက ရန်ပုံငွေလျှော့ချမှုများကြောင့် ယန္တရား၏ လုပ်ငန်းကဏ္ဍအချို့ ထိခိုက်ခဲ့ပြီး၊ ဦးစားပေးကဏ္ဍအချို့တွင် စုံစမ်းစစ်ဆေးမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် စွမ်းရည်ကိုလည်း လျော့ကျစေခဲ့သည်။ သို့သော် ယန္တရားသည် အဖွဲ့၏ လုပ်ပိုင်ခွင့်အရ အပ်နှင်းထားသောတာဝန်များကို ခိုင်မာသော ကတိကဝတ်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး၊ ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် လုပ်ငန်းများကို လွတ်လပ်စွာ၊ ဘက်မလိုက်ဘဲ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို စုဆောင်းထိန်းသိမ်းခြင်း၊ ယင်းရာဇဝတ်မှုများအတွက် အဓိကတာဝန်ရှိသူများကို ဖော်ထုတ်ခြင်းနှင့် တာဝန်ခံမှုရရှိရေး ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းရှိသည့် နေရာတိုင်းတွင် သက်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်၍ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ အရေးအကြီးဆုံးအနေဖြင့် ယန္တရားသည် ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ ကိုယ်တွေ့အဖြစ်အပျက်များ၊ ၎င်းတို့၏ အသံများနှင့် အခွင့်အရေးများကို မိမိ၏ လုပ်ငန်းအားလုံးတွင် အဓိကထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။